# ရခိုင်ပြည်နယ်တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ

ဦးထွန်းမြဦး

၏

ရခိုင်ပြည်နယ်အတွင်းနိုင်ငံခြားသားဘင်္ဂါလီလူမျိုး
များခိုးဝင်လွှမ်းမိုးမှုအန္တရာယ်မှ တားဆီးကာကွယ်
ရေးနှင့်ပတ်သက်၍ တင်ပြချက်။

ရက်စွဲ၊ ၁၉၇၄-ခု၊ ဩဂုတ်လ (၁၅) ရက်။

ရ ခိုင် ပြည် နယ် တ ရား သူ ကြီး အ ဖွဲ့ ဥ က္က ဋ္ဌ

ဦး ထွန်း မြ ဦး

၏

ရ ခိုင် ပြည် နယ် အ တွင်း နိုင် ငံ ခြား သား ဘ င်္ဂ လီ လူ မျိုး
များ ခိုး ဝင် လွှမ်း မိုး မှု အ န္တ ရာ ယ် မှ တား ဆီး ကာ ကွယ်
ရေး နှင့် ပတ် သက် ၍ တင် ပြ ချက် ။

ရက်စွဲ၊ ၁၉၇၄-ခု၊ ဩဂုတ်လ (၁၅) ရက်။

## ရခိုင်ပြည်နယ်အတွင်း နိုင်ငံခြားသား ဘင်္ဂလီလူမျိုးများ ခိုးဝင်လွှမ်းမိုးမှု အန္တရာယ်မှ တားဆီးကာကွယ်ရေး နှင့်ပတ်သက်၍ တင်ပြချက်

### နိဒါန်း

ရခိုင်ပြည်နယ်အတွင်းသို့ နိုင်ငံခြားသား ဘင်္ဂလီလူမျိုးများသည် အကြောင်းအမျိုးမျိုးကြောင့် ခေတ်အဆက်ဆက်ကပင် ဝင်ရောက်အခြေစိုက် နေထိုင်လာကြသည်ကို သမိုင်းအထောက်အထား အရ ပေါ်လွင်နေပါသည်။ နိုင်ငံခြားသား ဘင်္ဂလီလူမျိုးများသည် ဝင်ရောက်လာစဉ်က ဝမ်းပွါး ရှာဖွေရန်နှင့် အလုပ်အကိုင်ရရှိရေးကို ရည်ရွယ်ဝင်လာရာမှ တဆင့် ရခိုင်တိုင်းရင်းသား လူမျိုးများ နှင့် မြန်မာနိုင်ငံရှိတိုင်းရင်းသား လူမျိုးများ အပေါ် စီးပွါးရေး အရ၄င်း ၊ လူမှုရေး အရ၄င်း ၊ လူဦးရေ အရ၄င်း လွှမ်းမိုး ချယ်လှယ်ပြီး နောက်ဆုံးတွင် နိုင်ငံ၏အချုပ်အချာအာဏာပိုင်ိုင်မှုကို ပါတိပါး လာနိုင်သည့်လုပ်ရပ်များကို အဝိအဝဥ်ဖြင့် လှုပ်ရှား ဆောင်ရွက်လာကြောင်း တွေ့ရပါသည်။ ယင်းကြောင့် ၎င်းအန္တရာယ်သည် အမျိုး လာ သားရေး အန္တရာယ်အထိဖြစ်လာနိုင်သည့်အတွက် တားဆီး ကာကွယ်ရန်လိုအပ်သဖြင့် ဤစာတမ်းကို တင်ပြရခြင်း ဖြစ်ပါသည်။

ဤစာတမ်း တွင် ခေတ်အဆက်ဆက်က ရခိုင်ပြည်နယ်သို့ နိုင်ငံခြားသား ဘင်္ဂလီလူမျိုးများ ဝင်လာမှုအခြေအနေ နှင့် ယင်းတို့အား တားဆီး ကာကွယ်ရေး လုပ်ရပ်များ ကိုလက်လှမ်း မှီသလောက် လေ့လာဆန်းစစ်ပြီး တင်ပြချက်များ ပါသကဲ့သို့ သုံးသပ်ချက် နှင့်အကြံပြုချက်များ ကိုပါတင်ပြထားပါသည်။

<u>ရခိုင်ဘုရင်များလက်ထက် - နိုင်ငံခြားသားများဝင်ရောက်မှုအခြေအနေ</u>

ရခိုင်ပြည်နယ်ရှိ နိုင်ငံခြားသားအကြောင်းကိုသိရန်မှာ၊ သူတို့ရောက်ရှိလာသောသမိုင်းကို လေ့လာမှသာသိရှိနိုင်မည်ဖြစ်ပါသည်။ ရခိုင်ဘုရင်များလက်ထက်တွင် ရခိုင်ပြည်အတွင်းသို့ဝင်ရောက်အခြေစိုက် နေထိုင်ခြင်းနှင့်ပတ်သက်၍ လေ့လာရာ အောက်ပါအတိုင်းသုံးမျိုးသုံးစားခွဲခြား တွေ့ရှိနိုင်ပါသည်။

၁ - ကုန်သွယ်မှုကိုအကြောင်းပြုရာမှ ရောက်ရှိလာခြင်း၊

၂ - ကပန်ခေါ် ( လေးသူရဲ )အဖြစ် ရောက်ရှိလာခြင်း၊

၃ - သုံ့ပန်းအဖြစ်ဘမ်းဆီး ယူလာသူများနှင့် ပေါ်တူဂီများကဆက်သသည့် ကျွန်များ ရောက်ရှိလာခြင်း။

<u>ကုန်သွယ်မှုကိုအကြောင်းပြုရောက်ရှိလာခြင်း</u>

ကုန်သွယ်မှုကိုအကြောင်းပြုပြီး ရောက်ရှိလာသောသူများမှာအာရပ်နှင့် ပထန်းကုန်သည်များဖြစ်ကြောင်းသိရပါသည်။ ယင်းကုန်သည်များသည်ခရစ် သက္ကရာဇ် (၈) ရာစုခန့်ကပင်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီးဘင်္ဂလား ပင်လယ်အော်၏ တောင်ဘက်ပိုင်းရှိနယ်မြေများသို့လာရောက်ကူးသန်းရောင်းဝယ် ရာမှရမ်းဗြဲကျွန်းတွင် လှေသင်္ဘောပျက်၍ ရခိုင်ဘုရင်ထံအသနားခံကြပါသည်။ ထိုအခါ ရခိုင်ဘုရင်မဟာတိုင်စန္ဒရားမင်းသည်၊ ရခိုင်ပြည်အတွင်းရှိ ကျေးရွာများတွင် နေရာချထားပေးခဲ့ပါသည်။ ယင်း အာရပ်၊ ပထန်း ကုန်သည်တို့၏မျိုးနွယ်ဆက်များကို ယခုတိုင်သံတွဲမြို့ပေါ်နှင့်ရမ်းဗြဲမြို့နယ် ကျောက်နီမော် ကျေးရွာတွင်အနည်းငယ်ရှိ ကြောင်း သိရပါသည်။ သူတို့သည်အာရပ်နှင့်ပထန်းလူမျိုးအနွယ်များဖြစ်ပြီးမဟာမေဒင်ဘာသာဝင်များလည်းဖြစ်ပါသည်။ သူတို့၏ပုံပန်း သဏ္ဍာန်မှာအရပ်ရှည်၊ နှာခေါင်း ချွန်ပြီး မျက်လုံး အရောင်မှာအပြာရောင်သန်း သူများ ဖြစ်ကြပါသည်။

အာရပ်၊ ပထန်း အနွယ်များ ကုန်သွယ်မှုကိုအကြောင်း ပြုပြီး ရောက်ရှိလာခြင်း နှင့်ပတ်သက်၍ ရခိုင်ပြည်သမိုင်း ဆိုင်ရာမှတ်တမ်း မှတ်ရာများတွင် အောက်ပါအတိုင်း ဖော်ပြထား ပါသည်။

``ခရစ်သက္ကရာဇ် ၇၈၈ ခုနှစ်တွင်မဟာတိုင်စန္ဒရားဘုရင် နန်းတက်ပြီးရမ္မာဝတီမြို့ဟောင်းနေရာတွင်မြို့သစ်တခုကိုတည်ဆောက်ခဲ့ပေသည်။ ယင်းမင်းသည်နန်း သက်နှစ်ဆယ်နှစ်နှစ်တွင်ကွယ်လွန်သွား ခဲ့ပါသည်။ ထိုဘုရင်လက်ထက်တွင်ရမ်း ဗြဲကျွန်း၌ လှေသင်္ဘောအများ အပြားပျက်ခဲ့ရာ၊ လှေသင်္ဘောသမား မဟာမေဒင်ဘာသာဝင်များ ကိုရခိုင်ပြည်၊ ပြည်မသို့ပို့ပြီး ကျေး ရွာများ တွင်နေရာချထားခဲ့လေသည်`` R.B. Smart Burma Gazetteer I.A )

``၉-ရာစုခေတ်တွင်ရမ်း ဗြဲကျွန်း ၌ လှေသင်္ဘောအများအပြား ပျက်ခဲ့ရာ လှေသင်္ဘောသမား မူဆလင်ဘာသာဝင်များကိုရခိုင်ပြည်သို့

ပို့ပြီး ကျေးရွာများတွင် နေရာချထားခဲ့သည်ဟု ဒေသဆိုင်ရာသမိုင်းဝင် က ဖော်ပြထားပါသည်``

ယခင်ရခိုင်တိုင်း လူဝင်မှုကြီးကြပ်ရေး ဝန်ထောက်ဦး ခင်ပေါင်သက်၏ အစီရင်ခံစာတွင်ပဟာ ပေဒင်ဘာသာဝင်အမျိုး သား၊ အမျိုး သမီး များ သည် သက္ကရာဇ် ၁၄၃၀-ခုနှစ်တွင်ဆူရတန်ဘုရင်ထံမှရခိုင်ဘုရင်နရပတိကြီး ( ခေါ် ) ပင်း စောမွန်ကိုအကူအညီ ပေး ရန်လာ ရောက်ကြ သော ဝါလ်ခန် ခေါင်း ဆောင်သည့် ဂေါ်ရ်ပထာန်စစ်သား များ နှင့် ရောနှောထိမ်း မြား ၍ ရခိုင်ဘုရင်နန်း တွင်း မှခစား ခဲ့ကြရသည်ဟု ဖော်ပြထား ပါသည်။

<u>ကပန် ခေါ် ( လေး သူရဲ ) ရောက်ရှိခြင်း</u>

ခရစ်သက္ကရာဇ် အေဒီ ၁၆၆၀-၁၆၆၁ ခုနှစ်ခန့်တွင် ပဂိုနန်း တွင်း အရေး တော်ပုံ ကြောင့်ဘင်္ဂလား ဘုရင်ခံဖြစ် သော ( ရှာရှူဂျာ ) သည်သူ၏ညီ `` အောရင်း ဇက် ``၏တိုက်ခိုက်ခြင်း ကိုခံရသဖြင့်ရခိုင်ဘုရင်စန္ဒသုဓမ္မထံခိုလှုံ လာပါသည်။ ရခိုင်ဘုရင်စန္ဒသုဓမ္မသည် ( ရှာရှူဂျာ ) ကို ကောင်း မွန်စွာခိုလှုံခွင့် ပြုခဲ့ သော်လည်း ၊ ရှာရှူဂျာသည်ရခိုင်ဘုရင်ထံး နန်း ကိုလုယူရန်ကြံ စား လာပါသည်။ ရခိုင်ဘုရင်မှ ရှာရှူဂျာ၏လုပ်ကြံမှုကိုတိုက်ခိုက်ဖြိုခွင်းလိုက်ပါသည်။ ထိုအခါရှာရှူဂျာ၏ အဆွေမျိုး များ နှင့် နောက်လိုက် များ သည်ရခိုင်ဘုရင်ထံဆက်လက်အမှုထမ်း ကြပါသည်။

ရခိုင်ဘုရင်ထံတွင်အမှုထမ်း‘ရင်း လေး သည် တော်များ သည်ဆူပူ သောင်း ကျန်း မှုများ ကိုပြုလုပ်ကြပါသည်။ အေဒီ ၁၆၉၂-ခုနှစ်တွင်ရခိုင်ဘုရင်နန်း တော် ကိုပင်မီး ရှို့ခဲ့ကြပါသည်။ လေး သည် တော်များ သည်နှစ် ပေါင်း ၂၀-ခန့် သောင်း ကျန်း ဖျက်ဆီး နေခဲ့ကြသည်ကိုရခိုင်ဘုရင်စန္ဒဝိဇယပင်း ( အေဒီ ၁၇၁၀-၁၇၃၁ ) လက်ထက်တွင်သာနှိမ်နင်း နိုင်ပါသည်။

ရှာရှူဂျာ၏ နောက်လိုက် နောက်ပါများ နှင့် လေး သည် တော်ထဲမှအချို့သည် ပြန်ပါပြည်ပဘက်သို့ထွက် ပြေး သွား ကြပြီး တချို့မှာရခိုင်ဘုရင်ထံတွင်ဆက်လက်အမှုထမ်း ကြပါသည်။ <u>၎င်း တို့ကိုပါရှင်ဘာသာဖြင့် ``ကပန်`` လေး သူရဲ</u> ဟုခေါ်ရာယ နေ့ကိုင် ထိုသူတို့အား ကပန်ဟုပင် ခေါ်တွင်လာပါသည်။

ရခိုင်ပြည်တွင်ကျန်ရှိခဲ့ သောကပန်များ အား ရခိုင်ဘုရင်စန္ဒဝိဇယလက်ထက်၊ အေဒီ ၁၇၁၀-ခုနှစ်ခန့်တွင် ကျောက်ဖြူခရိုင်အတွင်း ရမ်း ဗြဲ လေး တောင် ရွာတွင်၎င်း ၊ စစ် တွေမြို့နယ် သင်္ဘနက်၊ သက္ကပြင်၊ သာယာရုံး ရွာတို့တွင်၎င်း အသီး သီး နေရာချထား ပေး ကြောင်း သိရပါသည်။ ကပန်လူမျိုး များ သည်ယခုအခါသံတွဲနှင့် ကျောက်ဖြူမြို့နယ်အတွင်း ကျေး ရွာအနှံ့အပြား နှင့် စစ် တွေမြို့နယ်၊ သင်္ဘနက်၊ သက္ကပြင်၊ သာယာရုံး - နာဇီရွာတွင်တချို့ နေထိုင်လျက် ရှိကြပါသည်။

သမိုင်းအထောက်အထားအရ၊ ကပန်များသည် ခရစ်သက္ကရာဇ် ၁၇-ရာစုရခိုင်ဘုရင်များ တန်ခိုးကြီးထွားခဲ့စဉ်က ရခိုင်ဘုရင်လက်အောက်တွင် လေးသည်တော်များအဖြစ် ဝင်ရောက်အမှုထမ်းခဲ့ကြသော မဂိုဘုရင်ခံရှာဂျာ၏ နောက်လိုက်နောက်ပါများ သာဖြစ်ကြောင်း လေ့လာတွေ့ရပါသည်။ ကပန်များသည် ရခိုင်လူမျိုးကဲ့သို့ ဝတ်စားဆင်ယင်ကြပါသည်။ ယင်းတို့၏ ရိုးရာဝတ်စုံမှာ အဝတ်ဖြူခေါင်းပေါင်း ဖြင့် တောင်ရှည်ပုဆိုး အမဲအနံ့ဝင်း နှင့်ထိုင်မသိမ်းကဲ့သို့သော အင်္ကျီရှည်ဖြစ်ကြောင်း သိရပါသည်။ ယင်းတို့သည် ဥနံမဟာမေဒင်ဘာသာကိုကိုးကွယ်ကြပါသည်။ သူတို့သည်ယခုအခါမ ပြောပလောက်သောလူနည်းစုသာကျန်ရစ်ပါသည်။

<u>သုံ့ပန်းအဖြစ်ဖမ်းဆီးယူလာသူများနှင့် ပေါ်တူဂီတို့ကသက်သသောကျွန်များရောက်ရှိလာခြင်း</u>

ရခိုင်ဘုရင်များသည်နှစ်အတန်ကြာအထိဘင်္ဂလားနယ်၏ အောက်ပိုင်းဒေသများသို့ဝင်ရောက်ကြီးစိုးခဲ့ကြပါသည်။ ဒက္ကာနှင့်စစ်တကောင်း အထိကမ်းခြေတလျှောက်ကိုပိုင်ဆိုင်ခဲ့ကြပါသည်။ ထိုအချိန်တွင်ရခိုင်ဘုရင်များသည်မဟာမေဒင်ဘာသာဝင်အပြောက်အများကိုကျေးကျွန်အဖြစ်ဖမ်းဆီးပြီး ရခိုင်ပြည်သို့ပို့ခဲ့ကြပါသည်။ မဟာမေဒင်ဘာသာဝင်များကိုကျေးကျွန်များအဖြစ်အများဆုံးပို့ခဲ့သောအချိန်မှာရခိုင်ဘုရင်မင်းရာဇာကြီး၏သန်ဒွပ်ကျွန်းသို့ရောက်ရှိစဉ်တွင်ဖြစ်ကြောင်း သိရပါသည်။

ထိုအချိန်မှာ ပေါ်တူဂီတို့သည်လည်း ၄င်းတို့၏ဌာနချုပ်ကို ဒီဘာဂါသို့ပြန်လည်စခန်းချပြောင်းရွှေ့လျက်ရခိုင်ဘုရင်လက်အောက်ခံများ အဖြစ်ဆက်လက်နေထိုင်ကြပါသည်။ ပေါ်တူဂီတို့သည်၊ ဒီဘာဂါမှနေ၍လူများကိုဖမ်းဆီးကာကျွန်အဖြစ်ရောင်းချကြပါသည်။ တနှစ်တနှစ်တွင်လူပေါင်းလေးရာထက်မနည်းဖမ်းဆီးရောင်းချသည်ဟုဆိုကြပါသည်။ ပေါ်တူဂီတို့သည်ဘင်္ဂလားပင်လယ်အော်တဝိုက်ရှိမြစ်ဝကျွန်းပေါ်ဒေသများကလူများကိုဖမ်းဆီးကြပြီး ရခိုင်ပြည်သို့ရောင်းချလေ့ရှိသည်သာမက၊ ဟူးဂလီးမြို့သို့လည်း ရောင်းချသည်ဟုဆိုပါသည်။

ဦးသာထွန်း အောင်ရေးသားပြုစုသောရခိုင်မဟာရာဇဝင်တော်ကြီးတွင် ဖော်ပြထားချက်အရ ``ဒေလ်ဘုရင်ရွှေမာယုံ၏သမီးတော် ဝဲသီတာမင်းသမီးနှင့်ရခိုင်ဘုရင်မင်းဗာတို့မှ မွေးဖွားသောသား င/ဗဂါသည် တောင်ငူမင်းတရားရွှေထီးနှင့်ပူးပေါင်း၍ မင်းဗာဘုရင်အားတိုက်ခိုက်ပုန်ကန်ခဲ့ပါသည်။ မင်းဗာဘုရင်ကနှိမ်နင်းအောင်မြင်ပြီး နောက်မိဖုရားဝဲသီတာ၏အသနားခံချက်အရသားတော်င/ဗဂါအား ချမ်းသာခွင့်ပြုပြီး င/ဗဂါနောက်လိုက်နောက်ပါကုလားစစ်သည်များကိုကျေးကျွန်များအဖြစ်သိမ်းယူနေရာချထားကြောင်းသိရပါသည်။

ရခိုင်ပြည်သမိုင်းရေးရာမှတ်တမ်းမှတ်ရာတွင် ဖော်ပြချက်များအရလည်း ဘင်္ဂလီလူမျိုး ပဌာပေဒင်ဘာသာဝင်အချို့သည် ရခိုင်ဘုရင်များ စစ်ပွဲများနှင့်ဖမ်းဆီး ရရှိသော သုံ့ပန်းများ ကိုယူဆောင်လာခြင်း ကြောင့်၎င်း ၊ ပေါ်တူဂီများ က ရခိုင်ဘုရင်များ ထံဆက်သခြင်း ကြောင့်၎င်း ရခိုင်ဘုရင်များ ခေတ်တွင် ကျေးကျွန် များ အဖြစ် ရောက်ရှိအ ခြေစိုက် နေထိုင်ခဲ့ ကြောင်း တွေ့ရပါသည်။ (Burma Gazetteer 1.A ) တွင်ရခိုင်ဘုရင်များ ခေတ်က ရောက်ရှိ နေထိုင်ခဲ့သော ဘင်္ဂလီလူမျိုး ပဌာပေဒင်ဘာသာဝင် ကျေးကျွန်များ သည် ကျောက်တော်မြို့နယ်၊ မြောက်ဦး မြို့နယ်တို့၌အ ခြေစိုက် နေထိုင်ကြသည်ဟု ဖော်ပြထား ပါသည်။

သမိုင်း ရေး ရာအ ထောက်အထား များ ကလည်း ဘင်္ဂလီလူမျိုး ပဌာပေဒင် ဘာသာဝင် ကျေး ကျွန်များ ကိုရခိုင်ဘုရင်များ သည် မြောက်ဦး မြို့နယ်နှင့် ကျောက် တော်မြို့နယ်တို့မှ နေရာချထား ပေး ခဲ့ကြောင်း တွေ့ရပါသည်။ ၎င်း တို့သည်ယခုတိုင် ကျောက် တော်မြို့နယ်ပိုက်သည်ကုလား ရွာ၊ တောင် ဘောင်တယား တန်း ကုလား ရွာ၊ ပိစ်ကုလား ရွာ၊ ခေါင်း တုတ်ကုလား ရွာ၊ မြောက်ဦး မြို့နယ်တွင် ပေါင်း တုတ်ကုလား ရွာ၊ ပုရိပ်ကုလား ရွာ၊ ဘူး တလုံး ကုလား ရွာ၊ အောင်ဒိုင်ကုလားရွာစသည်တို့တွင် နေထိုင်လျက်ရှိကြပါသည်။ ၎င်း ကုလား ရွာများ ကို ကျောက် တော်၊ မြောက်ဦး ဒေသ ခံများ က ခေါ် ဝေါ်ကြသည်မှာ <u>ရခိုင်ကုလားရွာ</u> ဟူ၍ ၎င်း ၊ ဗြိတိသျှနယ်ချဲ့ သိမ်း ပိုက်ပြီး နောက်ပိုင်း ဝင် ရောက်ပြီး နေထိုင်ကြ သော ဘင်္ဂလီလူမျိုး ပဌာ ပေဒင်ဘာ သာဝင် နေထိုင် သော ရွာကို <u>အနောက်သားကုလားရွာ</u> ဟူ၍ ၎င်း ခေါ်ကြသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

ရခိုင်ဘုရင်များ ခေတ်တွင်ရခိုင်ပြည်အတွင်း သို့အထက် ဖော်ပြပါအ ကြောင်း အမျိုး မျိုး ကြောင့် ရောက်ရှိအ ခြေစိုက် နေထိုင်ခဲ့ကြ သော ပဌာ ပေဒင်ဘာသာဝင် ဘင်္ဂလီလူမျိုး များ သည်၊ ရခိုင်တိုင်း ရင်း သား လူမျိုး နွယ်ဝင်ပါဝင် သော တိုင်း ရင်း သား လူမျိုး များ မဟုတ်ကြဘဲ၊ ဘင်္ဂလာ ဒေ့ရှ်နိုင်ငံ (ယခင်အ ရှေ့ပါကစ္စတန်ပြည်) မှ တိုင်း ရင်း သား ဘင်္ဂလီလူမျိုး များ ပထန်း ၊ အာ ရပ်လူမျိုး များ သာ ဖြစ်ကြပါသည်။ အကြောင်း တရပ်ရပ် ကြောင့် ရောက်ရှိပြီး ရခိုင်ဘုရင်များ ၏ ခွင့်ပြုချက်အရအ ခြေ စိုက် နေထိုင်ခဲ့ကြသူများ ၊ ရခိုင်ဘုရင်ထံအမှုထမ်း ရွက်ရင်း အ ခြေစိုက် နေထိုင်သူများ ကျေး ကျွန်များ အဖြစ်ဖမ်း ဆီး သူများ နှင့် ပေါ်တူဂီတို့မှဆက်သသူများသာ ဖြစ်ကြပါသည်။

ယင်း တို့သည်ရခိုင်လူမျိုး များ နှင့်ကိုး ကွယ် သော ဘာသာ၊ သာသနာ ရေး နှင့်ကျင့်သုံး သော ထုံး တမ်း ဓလေ့များ တွင်သာကွဲပြား ခြား နား ပြီး ၊ စကား အ ပြောအဆို၊ အလုပ်အကိုင်၊ ဆက်ဆံမှုစသည်တို့တွင် ရခိုင်လူမျိုး များ နှင့်တူကြပါသည်။ သံတွဲ ခရိုင်နှင့် ကျောက်ဖြူခရိုင်သို့ ရောက်ရှိအ ခြေစိုက် နေထိုင်ခဲ့ကြ သော ကမန်များ၊ ပထန်း အာရပ်ကုန်သည်များ ၊ ကျေး ကျွန်ပဌာ ပေဒင်ဘာသာဝင်ဘင်္ဂလီလူမျိုး များသည်မှ

ရွာတည် ဆောက်ပုံ၊ အိမ်ဆောက်ပုံကအစ ရခိုင်လူမျိုး နှင့်ကွဲပြား ခြား နား ခြင်း မရှိဘဲတူညီကြသည်ကို တွေ့ရပါသည်။ အသက်ကြီး တချို့သည် ရခိုင်လူမျိုး ကဲ့သို့ထိုး ကွင်း ထိုးထား သည်ကို တွေ့ရပါသည်။ အမျိုး သမီး များ မှာလည်း အိမ်တွင်း ပုန်း အ လေ့ မရှိကြသည်ကို တွေ့ရပါသည်။ စစ်တွေခရိုင် ကျောက်တော်မြို့နယ်နှင့် မြောက်ဦး မြို့နယ် ရှိယင်းအရပ် ဒေသ ဒေါ ရခိုင်ကုလား ရွာများ မှာရွာတည် ဆောက်ပုံ၊ အိမ် ဆောက်ပုံ များမှာ ရခိုင်လူမျိုး နှင့်ခြား နား ခြင်း မရှိဘဲအ နောက်သား ကုလား ရွာများသာခြား နား မှုရှိကြသည်ကို တွေ့ရပါသည်။

<u>ဗြိတိသျှနယ်ချဲ့လက် အောက်ရခိုင်ပြည်အတွင်းသို့ နိုင်ငံခြားသားဘင်္ဂါလီလူမျိုးများဝင် ရောက်မှုအခြေအနေ</u>

ခရစ်သက္ကရာဇ် ၁၈၂၆-ခု၊ ဖေဖေါ်ဝါရီလ (၂၄) ရက် နေ့တွင် ချုပ်ဆိုခဲ့သော ရန္တပိုစာချုပ်အရ၊ ရခိုင်နှင့်တနင်္သာရီတို့သည်ဗြိတိသျှနယ်ချဲ့လက် အောက်သို့ ကျရောက်ခဲ့ရပါသည်။ ယင်း ကာလ၌ ရခိုင်ပြည်တွင်လူဦး ရေနည်း ပါး ကြပါသည်။ တိုင်းရင်း သား ရခိုင်လူမျိုး အ မြောက်အများ သည်ဘိုး တော်ဘုရား ရခိုင်ပြည်ကိုသိမ်း စဉ်ဘင်္ဂလား နယ် မြေ ဒေသသို့ဝင် ရောက်ခိုလှုံခဲ့ကြရခြင်း ကြောင့်ဖြစ်ပါသည်။ ဗြိတိသျှ နယ်ချဲ့သမား များ သိမ်း ပိုက်ပြီး နောက် ၁၈၃၁-ခုနှစ်တွင် စစ်တွေခရိုင် (ရခိုင် တောင်တန်း နယ်နှင့် မြေပုံမြို့နယ်တစ်ဝက်တ ဒေသအပါအဝင်) တွင်လူဦး ရေ ၉၅၀၉၈ ဦး သာရှိခဲ့သည်ဟုသိရပါသည်။ ၁၈၃၂-ခုနှစ်တွင် ၁၀၉၆၄၅ ဦးရှိလာခဲ့ပါသည်။ ၁၈၂၉-၃၀ ခုနှစ်တွင်ထွန်ယက်စိုက်ပျိုး သောလယ် မြေဧရိယာမှာ ၄၅၇၇၀-ဧက သာရှိခဲ့ပါသည်။ ထွန်ယက်စိုက်ပျိုး နိုင် သော မြေလွတ် မြေရိုင်း များမှာ ၁၀၀၀၄၇၇ ဧကရှိ ကြောင်း သိရပါသည်။ မြေလွတ် မြေရိုင်း လယ် မြေဧရိယာသည်လူဦး ရေထက်များ စွာပို နေပါသည်။

၁၈၆၉-ခုနှစ်၊ စူး အက်တူး မြောင်း ကို ဖေါက်လုပ်ခဲ့ပြီး နောက်ကမ္ဘာ တွင်ဆန်စပါး ဈေး ကောင်း လာခဲ့ပါသည်။ ပြည်ပ နိုင်ငံမှထွက် သော စပါးများ ကို ဥရောပတိုက်သို့တင်ပို့ ရောင်း ချနိုင် ရေး အတွက်ဗြိတိသျှနယ်ချဲ့သမား များ သည် စိုက်ပျိုး နိုင် သော မြေလွတ် မြေရိုင်း များ ကိုတိုး ချဲ့လုပ်ကိုင်ရန်လိုလား လာကြပါသည်။ မြေလွတ် မြေရိုင်း များ ကိုတိုး ချဲ့လုပ်ကိုင်ရန်လည်း အား ပေး ခဲ့သည်။ တိုး ချဲ့ သော မြေလွတ် မြေရိုင်း များ ကိုလုပ်ကိုင်ရန်အတွက်လိုအပ် သော အလုပ်သမား များကိုလုပ်ခ ဈေး ပေါပေါနှင့်လွယ်လင့်တကူရရှိနိုင် သော ဘင်္ဂါလီလူမျိုး အား ၊ ဘင်္ဂလား နယ်မှ အစုလိုက်အပြုံလိုက် ခေါ်သွင်း ပြီး လုပ်ကိုင် စေခဲ့ပါသည်။ ထိုအချိန်က ရခိုင်တိုင်းနှင့် အိန္ဒိယနိုင်ငံမှာ ဗြိတိသျှလက် အောက်ခံကိုလိုနီ ဒေသဖြစ် နေသဖြင့်၊ အိန္ဒိယမှ ရခိုင်တိုင်း သို့လာ ရောက်နိုင်ငံကူး လက်မှတ်ဗီဇာ စသည်များ မလိုအပ်ဘဲဝင်ထွက်သွား လာနိုင် ပါသည်။ ရခိုင်တိုင်း နှင့်ဘင်္ဂလား ဒေသရှိနိုင်ငံမှာ ပိုင်တရာ ကျော်ထိနယ်နိမိတ်ချင်း

ဆက်ဝင်လျက်သွားလာ မှုလွယ်ကူပြီး ဝရိတ်လည်း သက်သာပါသည်။ ယင်းကြောင့်ဘင်္ဂါလီလူမျိုး တို့သည်လယ်ယာထွန်ယက်ချိန်၊ ဝပါးရိတ်သိမ်းချိန်များ တွင်ယင်း လုပ်ငန်းများကိုလုပ်ကိုင်ရန်အတွက်အစုလိုက်အပြုံလိုက် ဝင်ရောက်ခဲ့ကြပါသည်။ တချို့သော ဘင်္ဂါလီလူမျိုးတို့မှာလည်း ဘင်္ဂလား နယ်ထက်ဝီး ပွါးရေး ကောင်း သော၊ ချောင်လည် သော ရခိုင်ပြည်တွင်း သို့ဝင်ရောက်ပြီး အခြေစိုက် နေထိုင်ရန်လာကြသူများ လည်း ရှိပါသည်။

ရာသီအလိုက်လုပ်ကိုင်ရန်ဝင်ရောက်လာသော ဘင်္ဂါလီလူမျိုး များ မှာအဝတွင်လုပ်ငန်း ရာသီကုန်လျှင်ပြန်လည်ထွက်ခွါသွား လေ့ရှိ သော်လည်း နောက်ပိုင်းတွင်လယ်ထွန်ရေး ၊ ဝပါး ရိတ်သိမ်း ရေး လုပ်ငန်း ပြီး သော်လည်း ပြန်လည်သွား ခြင်းမရှိဘဲရရာအလုပ်ကိုလုပ်ကိုင်ပြီး နေထိုင်ခြင်း ၊ ဝစ် ကွေပြုဆန်စက်နှင့်ဆိပ်ကမ်း ကုန်တင်ကုန်ချလုပ်ငန်း များ တွင်လည်း ကောင်း တောလက် ကျေး ရွာများ မှလယ်ယာထိုး ချွဲထွန်ယက် ရေး လုပ်ငန်း များ တွင်လည်း ကောင်း ဝင်ရောက်လုပ်ကိုင်ပြီးအခြေစိုက် နေထိုင်လာကြပါသည်။

ဘား ပါး ဂေဇက်တီယာ၊ ဝပ် ထွေခရိုင်အတွဲ(က) တွင် ၁၈၇၂-ခုနှစ်ထံဝစ် တွေခရိုင်မှ ပဟာ ပေဒင်ဘာသာဝင်ဦး ရေမှာ ၅၈၂၅၅-ဦးသာရှိကြောင်း ဖေါ်ပြထား ပါသည်။ ၅၈၂၅၅ ဦးသောလူဦး ရေကိုအခြေခံပြီး တနှစ်လျှင် ၂ %လူဦး ရေအတိုး အပေါ် ပူတည်တွက်လျှင်ဖြတ်ချာနယ်ရှိပဿဝီး စိုက်မှ ပဟာ ပေဒင်ဘာသာဝင်ဘင်္ဂါလီလူမျိုး လူဦး ရေမှာ ၂၅၀၀၀-ခန့်သာရှိပည်ဟုခန့်မှန်းနိုင်ပါသည်။ ၁၈၇၂-ခုနှစ်တွင်ဝစ် တွေခရိုင်မှရှိခဲ့သော ပဟာ ပေဒင်ဘာသာဝင်လူဦးရေ ၅၈၂၅၅-ဦး ကိုအခြေခံပြီး တနှစ်မှာလူဦး ရေအတိုး ၂%အပေါ် ပူတည်ပြီးတွက်လျှင် ၁၈၇၂-ခုမှ ၁၉၈၃-ခုနှစ်ထံနှစ် ပေါင်း (၁၁၁)အတွင်းမှာ ပဟာ ပေဒင်ဘာသာဝင်ဘင်္ဂါလီလူမျိုး ဦး ရေမှာ(၅၈၂၅၅+၁၂၉၃၂၇)ဦး သာရှိပည်ဖြစ်ပါသည်။ယျှဝင်ရွေအာပါအဝင်ဇပြီးဆယ်မှဘင်္ဂါလီလူမျိုး ဦး ရေမှာ(၅၂၉၃၆၉) ရှိကြောင်း သက်ဆိုင်ရာမှစာရင်း အရသိရပါသည်။ အမှန်တကယ်ရှိသင့်သည်ထက်လူဦး ရေ(၃၄၁၇၈၇)ဦး ပိုနေကြောင်း တွေ့ရပါသည်။ ၎င်းပိုနေ သောဘင်္ဂါလီလူမျိုး များမှာနောက်ဆက်ခိုး ဝင်လာကြသူများ သာဖြစ်ကြပါသည်။ ယခုအခါရခိုင်ပြည်နယ်တခုလုံးမှာဘင်္ဂါလီလူမျိုး ဦး ရေ(၅၄၈၉၀၀)ထိရှိ နေပြီး ဖြစ်ကြောင်း တွေ့ရပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်အနီး စပ်ဆုံး ဒေသများ ဖြစ်သည့် ပေါင်း တောနှင့်ဘူးသီး တောင်မြို့နယ်တို့တွင် ဒုတ်ယကန္တာစပ်ပဖြစ်မှီက ပဟာ ပေဒင်ဘာသာဝင်ဘင်္ဂါလီလူမျိုးအခြေစိုက် နေထိုင်မှုကို လေ့လာပါလျှင် ၁၉၂၁-ခုနှစ်တွင် ပေါင်း တောမြို့နယ်၌ ၆၈၃၀၅ ဦး သာရှိခဲ့ရာမှ ၁၉၃၁-ခုနှစ်တွင် ၁၀၄၃၀၀ ဦးသို့၄င်း၊ ၁၉၄၁-ခုနှစ်တွင် ၁၂၄၄၅၂ ဦးသို့၄င်း၊ ၁၉၇၁-ခုနှစ်တွင် ၂၀၅၇၇၇-ဦးသို့၄င်း၊ ၁၉၇၃-ခုနှစ်တွင် ၂၁၀၀၈၇၅ ဦးသို့၄င်း ၊ ၁၉၈၃-ခုနှစ်တွင် –

တွင် ၂၄၂၂၈၂ ဦးသို့ ၄င်းတိုး တက်လာခဲ့ပါသည်။ ဘူးသီး တောင်မြို့နယ်တွင် ၁၉၁၁-ခုနှစ်တွင် ၃၃၈၅၀ ဦးရှိခဲ့ရာ ၁၉၃၁-ခုနှစ် ၅၉၂၇၉ ဦးသို့ ၄င်း၊ ၁၉၄၁-ခုနှစ်တွင် ၇၀၇၂၇ ဦးသို့၄င်း၊ ၁၉၇၁-ခုနှစ်တွင် ၁၃၆၀၁၉ ဦးသို့၄င်း၊ ၁၉၇၃-ခုနှစ်တွင် ၁၃၉၆၈၆ ဦးသို့၄င်း၊ ၁၉၈၃ခုနှစ်တွင် ၁၄၀၅၉၉ ဦးသို့၄င်းတိုးတက်ခဲ့ပါသည်။ ၁၉၈၃-ခုနှစ်တွင် ပေါင်တောမြို့နယ်၌ရှိသော ဘင်္ဂါလီလူမျိုးဦးရေ ၂၄၂၂၈၂ ဦးသည် ၁၈၇၂ခုနှစ်စစ်တွေခရိုင်တခုလုံးတွင်ရှိသော လူဦးရေ ၅၈၂၅၅ ၏ ၄.၁၅ဆပိုနေကြောင်းတွေ့ရပါသည်။

ဒုတိယကမ္ဘာစစ်ပဖြစ်မီကာလတွင် ပေါင်းတောနှင့်ဘူးသီးတောင်မြို့နယ်တို့၌ ရခိုင်အမျိုးသား ကျေးရွာအများအပြားသည်ဘင်္ဂါလီလူမျိုးများဝင်ရောက်အခြေစိုက် နေထိုင်မှုကြောင့်ပြိုပျက်ခဲ့ရပြီးပြိုပျက်သွားသော ရခိုင်အမျိုးသား ကျေးရွာများတွင်ဘင်္ဂါလီလူမျိုးများဝင်ရောက်လွှမ်းမိုး နေထိုင်လာကြပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ စစ်တွေခရိုင် ဘားပားဂဇက်တီယာအတွဲ(က) စာမျက်နှာ(၈၇)တွင်အခိုင်အမာဖေါ်ပြထားပါသည်။

ပေါင်တောမြို့နှင့်(၆)ပိုင်ကွာတွင်ရှိသော ပင်လောကြီး ချောင်းဝနတ်ပြစ် ကမ်းနဖူးတွင်တည်ရှိသည့်ပင်လောကြီးရွာ၊ ၄င်းရွာကိုရခိုင်သားများကစတင်တည်ထောင်ခဲ့ပါသည်။ ယခုအခါယင်းရွာမှာဘင်္ဂါလီလူမျိုးများသာရှိပြီးရခိုင်လူမျိုးများမရှိတော့ပေ။ ပေါင်းတောမြို့နှင့်၂-ပိုင်ခန့်ကွာဝေးသည့်ခရစ်သက္ကရာဇ် ၁၇၇၄-ခုနှစ်တွင်တည်ထောင်ပြီး ၁၈၄၈-ခုနှစ်ထိမြို့သူကြီး နေထိုင်ခဲ့သောမြို့သူကြီးရွာမှာလည်းရခိုင်လူမျိုးတဦး တယောက်မျှပကျန်တော့ပေ။ ပေါင်တောမြို့မြောက်ဘက် ၁၂-ပိုင်ဦးချင်ကချောင်းတွင်တည်ရှိသည့်ဦး~~ချင်က~~ (ရှုဥညော = ရှိ) ကျေးရွာကို ၁၈၅၄ခုနှစ်ကတည်ထောင်ခဲ့ပြီးယင်းကျေးရွာတွင် ရခိုင်လူမျိုးများ နေထိုင်ခဲ့ကြပါသည်။ ယခုအခါဦး~~ချင်က~~ (ရှုညော) ကျေးရွာတွင်ရခိုင်လူမျိုးတဦးတယောက်မျှပကျန်ရှိတော့ကြောင်းသိရပါသည်။

အင်္ဂလိပ်ပြန်ပါ ပထမပဝစ်ပွဲပြီးနောက်၊ ဗြိတ်သျှလက်အောက်ခံဘဝရခိုင်ပြည်နယ်ထဲသို့ဘင်္ဂါလီလူမျိုးအပြောက်အများသည်တံခါးမရှိဒါးမရှိဝင်ရောက် နေထိုင်ခဲ့ကြပါသည်။ ဗြိတ်သျှနယ်ချဲ့သမားများကလည်းယင်းတို့၏အကျိုးစီးပွါးအတွက်လယ်ယာမြေများကိုတိုးချဲ့ရန်နှင့် အခြားလုပ်ငန်းများအတွက် ဈေးပေါပေါနှင့်ရရှိသောဘင်္ဂါလီအလုပ်သမားများကိုအစုလိုက်အပြုံလိုက် ခေါ်သွင်းပြီးအခြေစိုက် နေထိုင်စေခဲ့ပါသည်။ ယင်းကြောင့် ၁၈၇၂ခုနှစ်မှ ၁၉၄၁ခုနှစ်ထိကာလအတွင်းဘင်္ဂါလီလူမျိုးများဝင်ရောက် နေထိုင်မှုဦးရေသည်စစ်တွေခရိုင်တွင်အများဆုံးဖြစ်ကြောင်း တွေ့ရပါသည်။ စစ်တွေခရိုင်အတွင်းသို့ဘင်္ဂါလီလူမျိုးများ အစုလိုက်အပြုံလိုက်ဝင်ရောက်အခြေစိုက် နေထိုင်မှုအခြေအနေပြည့်မှုဆိုးဝါးကြောင်းကို ၁၉၄၀-ခုနှစ်တင်သွင်းခဲ့သည့် Mr. J. Baxter ဦးဆောင်သော စုံစမ်းရေးကော်မတီ၏အစီရင်ခံစာတွင်ရခိုင်ပြည်သို့ဘင်္ဂါလီလူမျိုးများဝင်ရောက်မှုအခန်းကဏ္ဍတွင်ဖေါ်ပြထားချက်များ ကသက်သေခံလျက်ရှိပါသည်။

## ၁၉၄၂ ခုနောက်ပိုင်းဘင်္ဂါလီလူမျိုးများဝင်ရောက်မှု အခြေအနေ။

## ၁၉၄၂ ခုနှစ်ကုလား ရခိုင်အဓိကရုဏ်း

၁၉၄၂-ခုနှစ်ဖြစ်ပွါးခဲ့သော ကုလားရခိုင်အဓိကရုဏ်းကြောင့် မောင်တော၊ ဘူးသီးတောင်မြို့နယ်များ၌ ရခိုင်လူမျိုး ကျေးရွာအများစုသည် ဘင်္ဂါလီကုလားလူမျိုးများ၏ ဖျက်ဆီးခြင်းကိုခံရပြီး ကျေးရွာအများအပြားပျက်စီးသွားခဲ့ရပါသည်။ ၁၉၄၁-ခုနှစ်တွင် မောင်တောမြို့နယ်၌ ရခိုင်လူမျိုး ကျေးရွာ (၁၂၉) ရှိခဲ့ရာ ၁၉၄၂-ခုနှစ်တွင်ဖြစ်ပွါးခဲ့သော ကုလားရခိုင်အဓိကရုဏ်းနှင့် ဒုတိယကမ္ဘာစစ်အတွင်း ရခိုင်လူမျိုး ကျေးရွာ (၆၀) ရွာ ပျက်စီးသွားခဲ့ကြောင်း၊ ရခိုင်တိုင်းလူဝင်မှုကြီးကြပ်ရေးဝန်ထောက်အဖြစ် ဆောင်ရွက်ခဲ့သူ ဦးခင်မောင်သက်၏ အစီရင်ခံစာတွင် ဖော်ပြသွားချက်အရ သိရပါသည်။ ပျက်စီးသွားသော ရခိုင်လူမျိုး ကျေးရွာများ၌ ဘင်္ဂါလီလူမျိုးများက အစားဝင်ရောက်နေထိုင်ကြပါသည်။

## မူဂျာဟစ် သောင်းကျန်းမှု

ကုလား ရခိုင်အဓိကရုဏ်းနှင့် ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် ကျေးရွာများ ပြိုပျက်သွားပြီး ထွက်ပြေးသွားကြရသော ရခိုင်လူမျိုးအမြောက်အများသည် ၁၉၄၅ ခုနှစ်တွင် မိမိတို့မူလ နေထိုင်ခဲ့ကြသော ဘူးသီးတောင်၊ မောင်တောမြို့နယ်များ သို့ ပြန်လည်ဝင်ရောက်နေထိုင်ကြပါသည်။ ဗြိတ်သျှစစ်ဘက်အုပ်ချုပ်ရေးဆိုင်ရာမှ လည်း ဝင်ပြေးဒုက္ခသည်များကို မိမိတို့မူလ နေထိုင်ခဲ့သော ကျေးရွာများတွင် ပြန်လည်နေရာချထားရေးအတွက်ကြိုးပမ်းစီစဉ်ခဲ့ပါသည်။

၁၉၄၇-ခုနှစ်တွင်ဘင်္ဂါလီလူမျိုးမဟာမေဒင်ဘာသာဝင်များ သည် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များ ကိုသီးခြားခရိုင်သတ်မှတ်ပေးရေးဆို သောကြွေးကြော်သံကိုဆွဲကိုင်လျက် မူဂျာဟစ်အမည်ခံယူကာလက်နက်ကိုင် သောင်းကျန်း လာခဲ့ကြပါသည်။ သောင်းကျန်းသူမူဂျာဟစ်အဖွဲ့သည်ကျဉ်းမြောင်းသောလူမျိုးရေး အမြင်ကိုဆွဲကိုင်ပြီးရခိုင်လူမျိုးမုန်းတီးရေးဝါဒအပေါ်အခြေခံသောသောအဖွဲ့အစည်း တခုဖြစ်သည့်အတိုင်းစစ်ဒဏ်ကြောင့်မိမိကျေးရွာသို့ပြန်လည်နေထိုင်ရန်ရောက်ရှိ လာကြသောရခိုင်လူမျိုးကျေးရွာအများအပြားကိုဖျက်ဆီးခဲ့ကြပါသည်။ မူဂျာဟစ် - သောင်းကျန်းသူများဖျက်ဆီးမှုကြောင့်ဘူးသီးတောင်နှင့် မောင်တောမြို့နယ် တို့ တွင်ရခိုင် ကျေးရွာအမြောက်အများပြိုပျက်သွားခဲ့ရပါသည်။ ၁၉၄၂-ခုဖြစ်ပွါးခဲ့ သောကုလားရခိုင်အဓိကရုဏ်းနှင့်ဒုတိယကမ္ဘာစစ်အတွင်းမပြိုမပျက်ဘဲကျန်ရစ်ခဲ့ သောရခိုင်ကျေးရွာအများအပြားသည်သောင်းကျန်းသူမူဂျာဟစ်ကုလားဆိုးကြောင့် ပြိုပျက်သွားခဲ့ရပါသည်။ ရခိုင်လူမျိုးအမြောက်အများမှာလည်းရခိုင်ပြည်နယ်အတွင်း ဘက်သို့တိမ်းရှောင်ထွက်ပြေးလာခဲ့ရပါသည်။ လူဝင်မှုကြီးကြပ်ရေးဝန်ထောက် ဦးခင်မောင်သက်အစီရင်ခံချက်အရ ၁၉၄၁-ခုနှစ် မောင်တောမြို့နယ်တွင

ရခိုင်လူမျိုး ကျေးရွာ ၁၂၉ ရွာရှိခဲ့ရာမှ ကုလားရခိုင်အဓိကရုဏ်းနှင့် ဝဝဲဘေး ဒဏ်ကြောင့် ရခိုင်လူမျိုး ကျေးရွာ (၈၀) ရွာ ပျက်စီးသွားခဲ့သည်ဟု ဖော်ပြထားပါသည်။ သို့သော် ၁၉၈၄ ခုနှစ်ထိ ရခိုင်အမျိုးသား ကျေးရွာမှာ (၂၆) ရွာသာ ကျန်ရှိကြောင်း တွေ့ရပါသည်။ ယင်းတို့မှာ -

၁- အင်းဒင်
၂- အလယ်သံကျော်
၃- ကိုင်းကြီး
၄- ကညင်ချောင်း
၅- ပြားသားရွာ
၆- ပီယေရွာ
၇- ရွာချေ (ငတုံးရွာ)
၈- သရက်အုပ်
၉- ရွက်သျှိုးတောင်
၁၀- ဒြိုပြင်
(ဝံပေပင်ရင်း)
၁၁- ရေမျက်တောင်
၁၂- ကပ္ပတောင်း
၁၃- ငါးခူရ
၁၄- မြို့သစ် (ကပ္ပဇောင်းခေါ်ယင်ဘူရွာ)
၁၅- အထက်ပြုံးမ
၁၆- အောက်ပြုံးမ
၁၇- လောင်းဒုံ
၁၈- ကြိမ်ချောင်း
၁၉- မင်းကြီးရွာ
၂၀- နံသာတောင်
၂၁- တောင်ပြို
၂၂- တမန်းသား
၂၃- ရဲအောင်ဝံရဖွဲ
၂၄- ဝေလာတောင်
၂၅- ရွာသာယာ
၂၆- အောင်သပြေ

ဖော်ပြပါ ကျေးရွာများမှာ ရခိုင်တိုင်းရင်းသားလူမျိုးများ နေထိုင်ကြသည့် ကျေးရွာများဖြစ်ကြသော်လည်း ရခိုင်တိုင်းရင်းသားလူဦးရေ လေးငါး

ခြောက်ဆယ်ခန့်ရှိသော ကျေးရွာများမှာ ဝါးခူရ၊ လောင်းဒုံ၊ ကြိပ်ချောင်း၊ တောင်ဖြူ၊ ခြိပြင်၊ အောင်သပြေ ကျေးရွာသာဖြစ်ပြီးကျန် ကျေးရွာများမှာ ရခိုင်တိုင်း ရင်းသားလူဦးရေမှာ ပြောပလောက် အောင်မရှိ တော့ကြောင်း တွေ့ရပါသည်။

လူဝင်မှုကြီးကြပ်ရေးဝန် ထောက်ဦးခင်မောင်သက်အစီရင်ခံစာအရ ကိုပါလျှင်၊ ကုလားရခိုင်အဓိကရုဏ်းနှင့်ဒုတိယကမ္ဘာစစ်ကာလအတွင်းရခိုင်အမျိုးသား ကျေးရွာ ( ၆၈ ) ရွာပျက်စီးသွားပါက ၁၉၄၁ - ခုနှစ်တွင်ရှိခဲ့သော ရခိုင်အမျိုးသား ကျေးရွာ - ၁၂၉ မှ ၆၈ ရွာကိုနှုတ်လျှင် - ၆၁ - ရွာကျန်ရှိရမည်ဖြစ်ပါသည် သို့သော်ယခုအခါရခိုင် ကျေးရွာ ( ၂၆ ) ရွာသာကျန်ရှိရာ သောင်းကျန်းသူမူဂျာဟဒ် သောင်းကျန်းမှုကြောင့်ရခိုင်အမျိုးသား ကျေးရွာ ( ၃၅ ) ရွာပျက်စီးသွားရသည်မှာထင်ရှား နေပါသည်။ ပျက်စီးသွား သောရခိုင်အမျိုးသား ကျေးရွာများတွင်မူဂျာဟစ် သောင်းကျန်းသူများကဘင်္ဂါလီကုလားများကို ခေါ်ယူပြီး နေရာချထား ပေးပါသည်။ တဆက်တည်းမှာ ရခိုင်အမျိုးသားများ ထွင်ကျန်ရစ်ခဲ့သောလယ်ယာမြေများကိုလည်းဘင်္ဂါလီလူမျိုးများအတွက် နေရာချထား ပေးခဲ့ကြပါသည်။ စစ်တကောင်းနယ်သားဘင်္ဂါလီကုလားများဒုတိယကမ္ဘာစစ်ပြီးကာလအတွင်း ဝင်ရောက်အခြေစိုက်နေထိုင်မှုသည် မူဂျာဟစ် သောင်းကျန်းသူများ၏ ပယောဂကြောင့်လည်းဖြစ် ကြောင်း တွေ့ရပါသည်။

<u>လွတ်လပ်ရေးရပြီးဘင်္ဂါလီမဟာ ပေဒင်ဘာသာဝင်များဝင်ရောက်မှု</u>

၁၉၄၈ - ခုလွတ်လပ် ရေးရပြီး နောက်ပိုင်းဘင်္ဂါလီလူမျိုး မဟာ ပေဒင်ဘာသာဝင်အခြောက်အများသည်စစ်တွေခရိုင်အတွင်းသို့ခိုးဝင်အခြေစိုက် နေထိုင်လာကြပါသည်။ ယင်းသို့ဝင်ရောက်အခြေစိုက် နေထိုင်လာရခြင်းမှာအာဏာရ နိုင်ငံရေးအဖွဲ့အစည်းများနှင့် မြေအောက် ရောင်စုံ သောင်း ကျန်း သူများ၏ ပယောဂသည်လည်းအကြောင်းတရား တခုအဖြစ်ပါဝင် ကြောင်း တွေ့ရပါသည်။ ၁၉၄၈ - ခုနှစ် နောက်ပိုင်းအာဏာရ နိုင်ငံ ရေးအဖွဲ့အစည်းဖြစ်သော ဖဆပလ အဖွဲ့သည် ရခိုင်တိုင်းအတွင်း အင်အားတောင့်တင်းသည့် ရတည အဖွဲ့နှင့်အပြိုင်အဆိုင်ဖြစ်နေရာဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့တွင် မဲအနိုင်ရရှိရေးအတွက်ရခိုင်နှင့်ဘင်္ဂါလီလူမျိုးများ ကိုခွဲခြားခဲ့ပါသည်။ အမျိုးသား စိတ်ဓါတ်ပြင်းထန်သည့်ဘင်္ဂါလီလူမျိုးပါလီမန်အမတ်များကိုစည်းရုံးရရှိ ရေးအတွက်ယင်းပါလီမန်အမတ်များအား လူမျိုး ရေးဖြင့်မြှောက်ပင့် ပေးခဲ့ပါသည်။ ဘူးသီး တောင်နှင့် မောင် တောမြို့နယ် - ၂ - မြို့နယ်မှဘင်္ဂါလီလူမျိုး ပါလီမန်အမတ်များကလည်း မိမိတို့မဲအနိုင်ရရှိ ရေး၊ ဘင်္ဂါလီလူမျိုးများကရခိုင်တိုင်း ရင်းသားလူမျိုးများအပေါ် လွှမ်းမိုးနိုင်ရေးအတွက်စစ်တကောင်း နယ်သားဘင်္ဂါလီလူမျိုးအခြောက်အများကိုအင်နှင့်အဝါ သြဇာသုံးပြီး ခေါ်ခိုးသွင်း ခဲ့ကြပါသည်။ မြောင်ခိုးသွင်းပြီးဝင်လာသူများယင်းအချိန်ကကျင်းပ သော

ရွေးကောက်ပွဲတွင် မဲဆန္ဒပေးခွင့်ရရှိရေးကိုလည်း အရှိန်သြဇာကိုသုံးပြီး ဆောင်ရွက်ပေးခဲ့ကြပါသည်။ အာဏာရ ဖဆပလ အဖွဲ့အနေဖြင့်လည်း ယင်းကိစ္စကိုလစ်လျူရှုထားခဲ့သည်သာမက လိုအပ်သည့်အကူအညီများကိုပင် ပေးခဲ့ကြပါသည်။

ရခိုင်တိုင်းအတွင်း၌ နေသော သောင်းကျန်းသူများအနေဖြင့် မိမိအင်အား တောင့်တင်းရေး၊ မိမိတို့အဖွဲ့အဝင်များ ရပ်တည်နိုင်ရေး တခုတည်းကို မျှော်ကိုးပြီး မူဂျာဟစ်သောင်းကျန်းသူ ကုလားဆိုးများအား မြှောက်ပင့်ပေးခြင်း၊ ကူညီခြင်း၊ ဝင်တကောင်းနယ်မှ ခိုးဝင်လာသော ဘင်္ဂါလီလူမျိုးများကို မိမိတို့ကြီးစိုးရာ နယ်မြေဒေသများ၌ နေရာချထားပေးခြင်း၊ နေထိုင်ခွင့်ပေးခြင်း၊ ခိုးဝင်ရန်မလွယ်ကူသည့်ဘင်္ဂါလီလူမျိုးများကိုယင်း တို့၏ နယ်မြေဒေသမှ ဖြတ်သန်းသွားလာခွင့်ပြုခြင်း စသည်တို့ကိုပြုလုပ်ခဲ့ပါသည်။ ယင်းသို့ ရခိုင်တိုင်း၌ ရောင်စုံသောင်းကျန်းသူများ၏အား ပေးကူညီမှုကြောင့် နိုင်ငံခြားသား ဘင်္ဂါလီလူမျိုးများသည် သောင်းကျန်းသူများ၏ နယ်မြေများကိုတိုက်ရိုက်ခိုးဝင်လာကြပါသည်။ ယင်းမှတဆင့် ရခိုင်တိုင်းအတွင်းပိုင်းသို့၎င်း၊ မြန်မာနိုင်ငံသို့၎င်း၊ တိုင်းရင်းသားဒေသများသို့၎င်း ပြန့်နှံ့သွားပါသည်။

<u>ဌာန၏တာဝန်မကျေမှု</u>

၁၉၄၇-ခုနှစ်မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လက်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ-(၃) ၁အရ ပြည်တွင်းဝင်ရောက်နေထိုင်ခွင့်လက်မှတ်သို့တည်းမဟုတ် နည်းလမ်းတကျခွင့်ပြုထားသော နိုင်ငံကူးလက်မှတ်မပါဘဲ မည်သည့်နိုင်ငံခြားသားမျှ ပြည်ထောင်စုမြန်မာနိုင်ငံသို့ မဝင်ရဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ဝင်ရောက်လိုသော နိုင်ငံခြားသားတိုင်းသည် နည်းလမ်းတကျထုတ်ပေးသော ဗီဇာသို့မဟုတ်ခွင့်ပြုလက်မှတ်များပါရှိမှသာ ဝင်နိုင်ခွင့်ရှိပါသည်။ ယင်းသို့နိုင်ငံခြားသားများအား ထုတ်ပေးသော ဗီဇာသို့မဟုတ်ခွင့်ပြုလက်မှတ်အမျိုးအစား (၉) မျိုးခန့်ရှိသည့်အနက် ရာသီအလိုက်ဝင်ခွင့်လက်မှတ်များကို ရခိုင်တိုင်းအတွင်းသို့ဝင်ရောက်လာသော ဘင်္ဂါလီလူမျိုးအများအပြားတရယူဝင်ရောက်လေ့ရှိကြပါသည်။ ဤခွင့်ပြုလက်မှတ်များ ဖြင့်ဝင်ရောက်လာသော ဘင်္ဂါလီလူမျိုးအများအပြားသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းအခြေချနေထိုင်သွားနိုင်ရေးအတွက်သက်ဆိုင်ရာ ဌာနဝန်ထမ်းအချို့၏အကူအညီကို မသမာသောနည်းဖြင့်ရယူပြီး နေထိုင်ကြပါသည်။ အဆိုပါရာသီအလိုက်ဝင်ခွင့်လက်မှတ်ဖြင့်ဝင်လာသူဘင်္ဂါလီလူမျိုးအမြောက်အများသည် **အမျိုးသားမှတ်ပုံတင်ကတ်ပြားများ** ရရှိရေးအတွက် သက်ဆိုင်ရာဌာနဝန်ထမ်းများနှင့်ပူးပေါင်း၍ နည်းမျိုးစုံဖြင့် ဆောင်ရွက်ကြပြီး အခြေတကျ နေထိုင်လာကြပါသည်။ ဝ်တွေမြို့နယ်တွင်ပင်ယင်း သို့ဝင်ရောက်နေထိုင်ကြသော ဘင်္ဂါလီလူမျိုးများမှာအများအပြား ရှိနေပြီးဖြစ်ပါသည်။ နိုင်ငံခြားသားဘင်္ဂါလီလူမျိုးအများအပြား မတရားခိုးဝင်-မတရားနေထိုင်မှုများဖြစ်ပေါ်လာသည့်အတွက်အမျိုးသားမှတ်

မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းကိုသက်ဆိုင်ရာမှ ရပ်ဆိုင်း ဝေခဲ့ပါသည်။ ရာသီအလိုက်ဝင်သောလက်မှတ်များကိုရပ်ဆိုင်းပြီးနောက်၊ ဥပဒေမဲ့ခိုး ဝင်လာသော ဘင်္ဂလီလူမျိုးများသည်ပထမ ရောက်ရှိနေသော ဘင်္ဂလီလူမျိုးများနှင့်ပူးပေါင်း၍သက်ဆိုင်ရာဌာနဝန်ထမ်းများ၏ပတရား သောအကူအညီကိုရယူကာအခြေစိုက်နေထိုင်ကြပါသည်။ ယင်းကြောင့် ၁၉၄၂-ခုနောက်ပိုင်းတွင်ဘင်္ဂလီလူမျိုး နိုင်ငံခြားသားအပြောက်အများ ဝင်ရောက်အခြေစိုက်နေထိုင်နိုင်သည့်အကြောင်းတရားများတွင်သက်ဆိုင်ရာဌာနဝန်ထမ်းများ၏တာဝန်ပကြွပြန်မှုသည်လည်း အကြောင်းအချက်တခုအဖြစ်ပါဝင်သည်ဟု လေ့လာသိရပါသည်။

<u>နိုင်ငံခြားသား ဘင်္ဂလီလူမျိုးများ ဝင်ရောက်မှုတားဆီးရေးအတွက် ဆောင်ရွက်ချက်</u>

မြန်မာနိုင်ငံသို့နိုင်ငံခြားသားများ ဝင်ရောက်လာမှုကြောင့်၊ တိုင်းပြည်၏သယံဇာတပစ္စည်းများနှင့်ဝင်ငွေများဆုံးရှုံးခဲ့ရပြီး၊ လယ်ယာမြေအပြောက်အများ နိုင်ငံခြားသားလက်ဝယ်သို့ရောက်ရှိခဲ့ရပါသည်။ မြန်မာတိုင်းရင်းသားများမှာဆင်းရဲဒုက္ခအမျိုးမျိုးကိုကြုံတွေ့ရသည်သာမက၊ ကုလားဗမာ၊ ကုလားရခိုင်အဓိကရုဏ်းကြောင့်မြန်မာရခိုင်တိုင်းရင်းသားများအသက်ဆုံးရှုံးခဲ့ရပါသည်၊ မြန်မာတိုင်းရင်းသူများမှာနစ်နာဆုံးရှုံးခဲ့ရပါသည်။ ယင်းအကြောင်းတရားများကြောင့်နိုင်ငံခြားသားများ ဝင်ရောက်မှုတားဆီးရေးလုပ်ငန်းများကိုအောက်ပါအတိုင်း ဆောင်ရွက်ခဲ့ကြောင်း တွေ့ရပါသည်။

(၁) ဒိုင်အာခီအစိုးရလက်ထက် ၁၉၂၂-ခုနှစ်တွင်ပြုလုပ်သည့်ပင်လယ်ရေကြောင်းမှဝင်ရောက်လာသူများထံမှအခွန်ကောက်ခံရေး ဥပဒေကြမ်း၊ ၄င်းဥပဒေကြမ်းကိုကုလားများကကန့်ကွက်ကြသဖြင့်အတည်မဖြစ်ဘဲပျက်သွားရသည်။

(၂) ၁၉၂၆-ခုနှစ်တွင်မြန်မာပြည်အတွင်း ရာဇဝတ်မှုကိုကျူးလွန်အပြစ်ရသောနိုင်ငံခြားသားများကိုပြည်နှင်ဒဏ်ပေးရေး ဥပဒေကြမ်းကိုထုတ်ပြန်အတည်ပြုခဲ့ပါသည်။

(၃) ၁၉၃၉-ခုနှစ်တွင်မြန်မာတိုင်းရင်းသူများ နစ်နာချက်ကိုကာကွယ်သည့်ဗုဒ္ဓဘာသာအမျိုးသမီးများ လက်ထပ်ထိမ်းမြားရေးနှင့်အမွေဆက်ခံရေး ဥပဒေကိုပြဋ္ဌာန်း အတည်ပြုခဲ့ပါသည်။

(၄) ၁၉၃၀-ခုနှစ်နှင့် ၁၉၃၇-ခုနှစ်(၂)ကြိမ်ဖြစ်ခဲ့သောကုလားဗမာအဓိကရုဏ်းနှင့်ပတ်သက်၍ ၁၉၃၇-ခုနှစ်စက်တင်ဘာလ ၂၂-ရက်နေ့တွင်ဖွဲ့စည်းခဲ့သောစုံစမ်းရေးကော်မရှင်မှအချက်(၆)ချက်ပါဝင်သောအစီရင်ခံစာကိုတင်သွင်းခဲ့ပါသည်။

(၅) ယင်းအဖွဲ့၏အစီရင်ခံချက်အရကုလားဝင်ရောက်မှုကို လေ့လာစုံစမ်း

ဝင်း ရန် ကော်ပရှင်တရပ်ကို ၁၉၃၉-ခုနှစ်၊ ဇူလိုင်လ(၁၅)ရက်နေ့တွင်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၄၀-ခုနှစ်၊ အောက်တိုဘာလ ၁၂-ရက်နေ့တွင်ယင်းအဖွဲ့သည်အချက်(၈)ချက်ပါဝင်သည့်အစီရင်ခံစာကိုတင်သွင်းခဲ့ပါသည်။

(၆) အထက်ဖော်ပြသည့်အချက်(၈)ချက်ပါဝိုဝင်းရေး ကော်ပရှင်အဖွဲ့၏အစီရင်ခံချက်အရ၊ အိန္ဒိယမြန်မာနှစ်နိုင်ငံအစိုးရတို့သည်လူဝင်မှုကြီးကြပ်ရေးအတွက်ဆွေးနွေးကြပြီးအချက်(၁၀)ချက်ပါဝင်သည့်စော-ဘဂျပိုင် သဘောတူချက်ကိုထုတ်ပြန်နိုင်ခဲ့ပါသည်။

(၇) ၁၉၄၁-ခုနှစ်တွင်လူဝင်မှုကြီးကြပ်ရေးဌာနခွဲ(ဘုတ်အဖွဲ့)ကိုဖွဲ့စည်းခဲ့ရာ၊ ယင်းအဖွဲ့သည်မြန်မာနိုင်ငံတွင်(၇)နှစ်တဆက်တည်းနေထိုင်သူများအားအခွင့်ထူးခံလက်မှတ်များ(Previleged Immigrants Certificates)ကိုထုတ်ပေးနိုင်ခဲ့ပြီးဒုတိယကမ္ဘာစစ်အတွင်းလုပ်ငန်းတို့ရပ်တန့်ခဲ့ရပါသည်။

(၈) ဒုတိယကမ္ဘာစစ်ပြီး ၁၉၄၅-ခုနှစ်တွင်လူဝင်မှုကြီးကြပ်ရေးဌာနကိုပြန်လည်ဖွဲ့စည်းခဲ့ပြီး နိုင်ငံခြားရေးဌာနလက်အောက်သို့လွှဲပြောင်းဖွဲ့စည်းခဲ့ပါသည်။ စစ်အတွင်းကထွက်ပြေးသွားသောအိန္ဒိယလူမျိုးအချို့မှာမြန်မာနိုင်ငံသို့ပြန်လည်ဝင်ရောက်လာကြပါသည်။ အပြည်ပြည်ဆိုင်ရာနေရာချထားရေးအဖွဲ့(united mations Rehabitation)၏ဝံဝစ်ချက်အရဝစ်ပြေးဒုက္ခသည်များအားလက်မှတ်များပေးကာမြန်မာနိုင်ငံသို့ပြန်ဝင်ခွင့်ပြုခဲ့ပါသည်။ နိုင်ငံခြားသားများဝင်ရောက်လာမှုကြောင့်တိုင်းရင်းသားလူမျိုးများ၏နစ်နာဆုံးရှုံးခဲ့ရသည့်အဖြစ်မျိုးနောက်ထပ်မဖြစ်ပေါ်စေရန် ၁၉၄၇-ခု၊ ဇွန်လ(၁၄)ရက်နေ့တွင်လူဝင်မှုကြီးကြပ်ရေး(လတ်တလောပြဋ္ဌာန်းချက်များ)အက်ဥပဒေကိုပြဋ္ဌာန်းအတည်ပြုခဲ့ပါသည်။ ၁၉၄၈-ခုနှစ်နိုင်ငံသားဖြစ်မှုအက်ဥပဒေပုဒ်မ-၄(၂)ကိုလည်းထုတ်ပြန်နိုင်ခဲ့ပါသည်။ ယင်းဥပဒေပြဋ္ဌာန်းချက်ဖြင့်လူဝင်မှုကြီးကြပ်ရေးဌာနလုပ်ငန်းများကိုစတင်လုပ်ကိုင်ဆောင်ရွက်လာခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်းသို့နိုင်ငံခြားသားများခိုးဝင်ရောက်မှုတားဆီးရေးလုပ်ငန်းများကိုလူဝင်မှုကြီးကြပ်ရေးဌာန၏လုပ်ငန်းတာဝန်များအရဆောင်ရွက်သကဲ့သို့နှစ်နိုင်ငံသဘောတူစာချုပ်များဖြင့်၎င်း ဝစ်ဆင်ရေးများဖြင့်၎င်း ဆောင်

ဆောင်ရွက်ခဲ့ကြပါသည်။ ယင်းတို့မှာ -

<u>စာချုပ်</u> (မြန်-ပါကစ္စတန်)

- ၁၉၆၆ - ခုနှစ် မေလ (၉) ရက်နေ့တွင် ရာဝါလ်ပင်ဒီမြို့၌ ချုပ်ဆိုခဲ့ပါသည်။ ယင်းစာချုပ်တွင် နတ်(ဖ်)မြစ်အတွင်း နယ်နိမိတ်ကို သတ်မှတ်ပေးခဲ့ပါသည်။ နတ်(ဖ်)မြစ်အတွင်း ရေယာဉ်သွားလာနိုင်သော အဓိကရေစီးကြောင်းအလိုက် ရွေ့လျားပြောင်းလဲသော နယ်နိမိတ်ကြောင်းကို နယ်နိမိတ်အဖြစ် အပြီးပိုင် ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ ယင်းအပြင် နတ်(ဖ်)မြစ်အတွင်း ကျုံးကျွန်း တာတမံ ဆောက်လုပ်ရန် ဆည်မြောင်းဌာနမှ တိုင်းတာစဉ် စစ်တကောင်း ခရိုင်ဝန်မှ ကန့်ကွက်ခဲ့ဘူးသည့် ပြဿနာရှိခဲ့ပါသည်။ ယင်းကိစ္စကို သံတမန်နည်းဖြင့် ကန့်ကွက်ချက်မရှိခဲ့၍ ပြေလည်စေခဲ့ပါသည်။

<u>စစ်ဆင်ရေးများ</u>

- ၁၉၆၆ - ခုနှစ်တွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ တိုင်းမှူးကွပ်ကဲမှုဖြင့် <u>ကျုံးကန်း</u> စစ်ဆင်ရေးကို ဆောင်ရွက်ခဲ့သည်။ စစ်တွေ၊ မြေပုံ၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ သံတွဲနှင့် တောင်ကုတ်မြို့နယ်များသို့ ဝင်လာသော ဘင်္ဂါလီလူမျိုး ၁၃၀၇ - ဦးကို စစ်ဆေးစာရင်း ကောက်ယူပြီး မောင်းတောမြို့နယ် တောင်ညိုကျေးရွာသို့ နှင်ထုတ်ခဲ့ပါသည်။
- ၁၉၆၆ - ခုနှစ်အတွင်း မှာဘဲ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ တိုင်းမှူး ကွပ်ကဲမှုဖြင့် <u>ရွှေကျုံး</u> စစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ပါသည်။ မောင်းတောခရိုင်ခွဲအတွင်း ရှိကြိဖ်ချောင်းမြို့နယ်ခွဲ၊ ပေါင်းတောမြို့နယ်ခွဲနှင့် အလယ်သံကျော်မြို့နယ်ခွဲများ ရှိ ကျေးရွာအုပ်စု ၂၃ - ခုတွင် စစ်ဆေးခဲ့ပါသည်။ ဘင်္ဂါလီလူမျိုး ၅၇၆၇၄ ဦးကို စစ်ဆေး စာရင်း ကောက်ပြီး မှတ်တမ်းတင်ခဲ့ပါသည်။
- ၁၉၆၉ - ခုနှစ်တွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ကွပ်ကဲမှုဖြင့် <u>မြတ်မွန်</u> စစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ပါသည်။ စစ်တွေခရိုင်နှင့် ကျောက်ဖြူခရိုင်သို့ နိုင်ငံခြားသားများ မတရားခိုးဝင်မှုကို စစ်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့် လူဦးရေစာရင်းကောက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။
- ၁၉၇၄ - ခုနှစ်တွင် ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီနှင့် တပ်မတော်တို့၏ အကူအညီဖြင့် <u>စပယ်စစ်ဆင်ရေး</u> ကို ဆောင်ရွက်ခဲ့ပါသည်။ မတရားခိုးဝင်သူ ၉၇၇ ဦးကို နိုင်ငံခြားသားများနည်း ဥပဒေ

ချီးဖေါက်သူ ၆၆၃-ဦး ၊ နိုင်ငံခြားသား ဟုသံသယရှိသူ ၁၀၃၅၄၉ ဦးအား စိစစ်ဖေါ်ထုတ်အရေးယူခဲ့ပါသည်။ ယင်း စစ်ဆင်ရေး ကြောင့်ရသေ့တောင်၊ ဘူးသီး တောင်နှင့် ပေါင်း တောမြို့နယ် များမှ ဘင်္ဂါလီလူမျိုး ၂၉၀၀-ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြောင်းရွှေ့ သွားပါသည်။

- ၁၉၇၈-ခုနှစ် နဂါးပင်း စစ်ဆင်ရေး ကို ဆောင်ရွက်ခဲ့ပါသည်။ ၁၁-၂-၇၈ နေ့စစ်တွေမြို့တွင်စတင်ခဲ့ပါသည်။ လူဦးရေ ၃၆၈၂၄ ဦးကိုစစ်ဆေးခဲ့ပါသည်။ လူဦးရေ ၁၃၁၆-ဦး ကို လဝကဥပဒေ-၁၃(၁)အရ၄င်း၊ လူဦးရေ ၁၀၂၅-ဦးကို လဝကဥပဒေ-၅(၁) အရ၄င်း ၆(၂)အရ၄င်း အရေး ယူခဲ့ပါသည်။

၁၇-၃-၇၈ နေ့တွင်ဘူးသီး တောင်မြို့နယ်တွင်စတင် ဆောင်ရွက် ပါသည်။ လူဦး ရေပေါင်း ၁၀၇၀၁၂-ဦး ကိုစစ် ဆေး ခဲ့ပါသည်။ ထွက် ပြေး တိမ်း ရှောင်သွားသူ ၂၄၀၉၃-ဦး ၊ ဖွင့်ပစ်သွားသော အိမ်ထောင်ပေါင်း ၄၆၅၂ အိမ်၊ ဖမ်းဆီး အရေး ယူသည့်ဦး ရေ ၆၄၃ ဦး၊ တရား စွဲဆိုသည့်ဦး ရေ ၆၄၃ ဦး ၊ ဝရင်ချက်ချပြီး သား ၅၀၇-ဦး ရှိခဲ့ပါသည်။ အကြောင်းအမျိုး မျိုး ကြောင့်နဂါးပင်း စစ် ဆင်ရေး ကို ပေါင်း တောမြို့နယ်တွင်ဆက်လက် ဆောင်ရွက်ခြင်းမပြုဘဲ ရပ်တန့်လိုက်ရပါသည်။

နိုင်ငံခြားသား များ ဝင်ရောက်မှုကို ကိုလိုနီခေတ်နှင့်လွတ်လပ်ရေး ရပြီး နောက်ပိုင်းအထိ ဖေါ်ပြပါနည်း များ ဖြင့်တား ဆီး ခဲ့သော်လည်း နိုင်ငံခြား သား များ အထူး သဖြင့်ဘင်္ဂါလီလူမျိုး များ ရခိုင်ပြည်နယ်အတွင်း သို့ပင် ရောက်မှုသည်ရပ်တန့်ခြင်းမရှိဘဲ တဖြည်း ဖြည်း စိမ့်ဝင်လျက်ရှိကြပါသည်။ ယင်း သို့ဝင်ရောက်မှုကြီးထွား လာခြင်း ကို အောက်ပါသန်း ခေါင်စာရင်း များအရသိရှိရပါသည်။

၁၉၄၁-ခုနှစ်နှင့် ၁၉၇၁-ခုသန်း ခေါင်စာရင်းအရ

| ခုနှစ် | မြို့နယ် | လူမျိုး | |
|---|---|---|---|
| | | ရခိုင် | မူဆလင် |
| ၁၉၄၁ | ပေါင်းတော | ၄၁၄၀၄ | ၁၂၄၄၅၂ |
| ၁၉၄၁ | ဘူးသီးတောင် | ၃၀၀၀၄ | ၇၀၇၂၇ |
| ၁၉၇၁ | ပေါင်းတော | ၁၂၄၂၇ | ၂၀၅၇၇၇ |
| ၁၉၇၁ | ဘူးသီးတောင် | ၁၇၄၂၅ | ၁၃၆၀၁၉ |

၁၉၇၃-ခုနှစ်သန်း ခေါင်စာရင်း အရ

| မြို့နယ် | ရခိုင်လူမျိုး | ဘင်္ဂါလီလူမျိုး | ရခိုင်နှုန်း |
|---|---|---|---|
| စစ်တွေ | ၈၈၄၃၂ | ၅၄၇၈၃ | ၆၂ % |
| မောင်းတော | ၁၂၄၂၇ | ၂၁၀၈၇၅ | ၉၄ % |
| ဘူးသီးတောင် | ၂၇၃၃၄ | ၁၃၉၆၈၆ | ၈၁ % |
| ရသေ့တောင် | ၇၃၁၁၀ | ၂၂၁၆၀ | ၃၀ % |
| ကျောက်တော် | ၁၁၀၉၁၅ | ၁၉၉၅၂ | ၁၈ % |
| ပေါက်တော | ၇၁၈၀၉ | ၁၀၃၉၁ | ၁၃ % |
| စုစုပေါင်း | ၃၈၄၀၂၇ | ၄၅၇၈၄၇ | ၁၁၉.၂၂ % |

၁၉၈၃-ခုသန်း ခေါင်စာရင်း မကောက်မီစာရင်း

| စဉ် | မြို့နယ် | ရခိုင်လူမျိုး | ဘင်္ဂါလီလူမျိုး |
|---|---|---|---|
| ၁။ | ကျောက်တော် | ၈၅၃၇၁ | ၂၁၀၄၀ |
| ၂။ | ကျောက်ဖြူ | ၁၁၂၁၃၉ | ၃၀၆၂ |
| ၃။ | ဂွ | ၄၉၄၉၇ | ၁၉၆ |
| ၄။ | စစ်တွေ | ၉၀၄၃၈ | ၆၃၄၃၇ |
| ၅။ | တောင်ကုတ် | ၈၁၈၂၀ | ၆၅ |
| ၆။ | ပေါက်တော | ၈၁၀၂၆ | ၁၃၃၆၅ |
| ၇။ | ပုဏ္ဏားကျွန်း | ၇၀၈၆၆ | ၆၈၈ |
| ၈။ | ဘူးသီးတောင် | ၂၁၅၅၉ | ၁၄၀၅၉၉ |
| ၉။ | မောင်းတော | ၁၈၁၁၁ | ၂၄၂၂၈၂ |
| ၁၀။ | မင်းပြား | ၉၃၃၈၀ | ၁၃၀၁၁ |
| ၁၁။ | မြောက်ဦး | ၁၀၁၈၂၂ | ၁၂၂၀၀ |
| ၁၂။ | မြေပုံ | ၈၃၃၁၈ | ၂၁၁၀ |
| ၁၃။ | မာန်အောင် | ၆၀၇၇၇ | ၃၀ |
| ၁၄။ | ရမ်းဗြဲ | ၈၃၉၈၃ | ၃၂၄၁ |
| ၁၅။ | ရသေ့တောင် | ၇၆၉၄၉ | ၂၂၇၈၇ |
| ၁၆။ | သံတွဲ | ၇၇၄၂၉ | ၁၀၈၁၁ |
| ၁၇။ | အမ်း | ၅၂၆၇၇ | ၁၆ |
| | စုစုပေါင်း | ၁၂၂၁၁၆၂ | ၅၄၈၉၀၀ |

## သုံးသပ်တင်ပြချက်

အိန္ဒိယပြည်ဘင်္ဂလားနယ်၊ ယခင်အရှေ့ပါကစ္စတန်၊ ယခုဘင်္ဂလားဒေ့ရှ် နိုင်ငံတို့ဘက်မှတဆင့် နိုင်ငံခြားသားများသည် ရခိုင်ပဒေသရာဇ်များ ခေတ်ကပင် ရခိုင်ပြည်သို့ ရောက်ရှိအခြေစိုက် နေထိုင်ခဲ့ကြသည်ကိုအငြင်းပွါးဖွယ်ရာမရှိပါ။ ယင်းလူမျိုးတို့သည် မည်သည့်အကြောင်းကြောင့် ရောက်ရှိလာကြသည်မှာ သမိုင်းအထောက်အထား အရ ပေါ်လွင်နေပြီးဖြစ်သဖြင့် ၎င်းတို့ယခုခေါ်ဝေါ်မည်ခံနေကြသည့် ရိုဟင်ဂျာလူမျိုးသော်၎င်း၊ ရခိုင်တိုင်းရင်းသားလူမျိုးနွယ်ဝင်များသော်၎င်း မဟုတ်ကြသည်မှာလည်းထင်ရှား နေပါသည်။ သို့သော်၎င်းတို့ကိုကိုလိုနီခေတ်နှင့်လွတ်လပ်ရေးရပြီး နောက်ပိုင်းထပ်မံဝင်ရောက်လာကြသောဘင်္ဂါလီလူမျိုးများနှင့် ခွဲခြားသတ်မှတ်ရန်လိုအပ်မည်ဖြစ်ပါသည်။

အင်္ဂလိပ်မြန်မာပထမစစ်ပွဲပြီး နောက်ရခိုင်ပြည်သည်ရန္တပိုစာချုပ်အရ ဗြိတိသျှနယ်ချဲ့လက်သို့ကျ ရောက်ချိန်တွင်ဘင်္ဂါလီလူမျိုးများအား ရခိုင်ပြည်အတွင်းသို့ တံခါးမရှိဒါး မရှိဝင်ခွင့်ပြုခဲ့ပါသည်။ ယင်းတို့၏အကျိုးစီးပွါးအတွက်လယ်ယာတိုးချဲ့ ထွန်ယက်လုပ်ငန်း နှင့်အခြားလုပ်ငန်း များတွင် ဈေးနှုန်းသက်သာစွာဖြင့်အလုပ် ခိုင်းရ သောဘင်္ဂါလီလူမျိုးများကိုအဝလိုက်အပြုံလိုက်သွင်းခဲ့ပါသည်။ ဝင်ရောက်လာ သောဘင်္ဂါလီလူမျိုးများကိုလည်းရခိုင်ပြည်တွင်အခြေစိုက် နေထိုင်ရန်အစွမ်းကုန်အား ပေးကူညီခဲ့ပါသည်။ ယင်းကြောင့်ဘင်္ဂါလီလူမျိုးများရခိုင်ပြည်အတွင်းသို့ဝင်ရောက် မှုသည်ပထမကမ္ဘာစစ်ပြီး နောက်ပိုင်းအများဆုံးဖြစ်ခဲ့ကြောင်း လေ့လာတွေ့ရပါ သည်။ ဘင်္ဂါလီလူမျိုးများသည်အဝတ်စီးပွါးရှာဖွေရန်၊ အလုပ်အကိုင်ရှာဖွေရန် ရည်ရွယ်ဝင်ရောက်လာကြသော်လည်း နောက်ပိုင်းတွင်တိုင်းရင်းသားလူမျိုးများ အပေါ်စီးပွါးရေးအရ၎င်း၊ လူဦးရေအရ၎င်း၊ လွှမ်းမိုးလာခဲ့ပါသည်။ အထူးသ ဖြင့်ဘင်္ဂါလီလူမျိုးများ၏ပင်ရင်းဇာတိနိုင်ငံနှင့်ဆက်စပ်လျက်ရှိသော မောင်တော ဘူးသီးတောင်နယ်များမှ ရခိုင်တိုင်းရင်းသားလူမျိုးများသည်လူဦးရေအလွှမ်း မိုးမှုကိုခံရသဖြင့်ရခိုင်တိုင်းရင်းသားလူမျိုးများ၏ ကျေးရွာအမြောက်အများပျက် စီးခဲ့ရပါသည်။

ဘင်္ဂါလီလူမျိုးများသည် မောင်တော၊ ဘူးသီးတောင်နယ်များတွင်ရခိုင် တိုင်းရင်းသားလူမျိုးများအားလူဦးရေအရလွှမ်းမိုးလာသည်နှင့်တချိန်တည်းတွင် ရခိုင်ပြည်အတွင်း ပိုင်းရှိမြို့နယ်များသို့ပါဝင်ပျံ့နှံ့ပြီး နေထိုင်လာကြပါသည်။ ယင်း အချိန်ကဝင်ရောက်နေထိုင်လာကြသောဘင်္ဂါလီလူမျိုးများမှာလည်းရခိုင်တိုင်း ရင်းသား လူမျိုးနွယ်ဝင်များသော်၎င်း၊ မြန်မာနိုင်ငံအတွင်းရှိတိုင်းရင်းသား လူမျိုးနွယ်ဝင်များ သော်၎င်း၊ လူမျိုးတမျိုးသော်၎င်းမဟုတ်ကြသည်မှာအထက် ဖော်ပြပါအကြောင်း များကြောင့်ထင်ရှား နေပါသည်။ သို့သော်ယင်းကာလကဝင် ရောက်လာသောဘင်္ဂါလီလူမျိုးများနှင့်ပတ်သက်၍ မှတ်တမ်းမှတ်ရာအတိအကျမရှိ သ

သဖြင့်စိစစ်ခွဲခြားရန်ခက်ခဲမျှ မည်ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်မဖြစ်မှီ အိန္ဒိယမြန်မာနှစ်နိုင်ငံအစိုးရတို့သည် နိုင်ငံခြားသားများဝင်ရောက်မှုသိမ်းချုပ်ရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး စော-ဘဂျ်ပိုင် သဘောတူညီချက်ကို ထုတ်ပြန်နိုင်ခဲ့ပါသည်။ ၁၉၄၁-ခုနှစ်တွင်လူဝင်မှုကြီးကြပ်ရေးဌာနခွဲကို စတင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ယင်းအချိန်မှာ ဒုတိယကမ္ဘာစစ်ဖြစ်ရန် စစ်ရိပ်စစ်ငွေ့သန်းနေချိန်ဖြစ်၍ လဝက ဌာန၏လုပ်ငန်းကိုမဆောင်ရွက်နိုင်ဘဲရပ်တန့်သွားခဲ့ရပါသည်။ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်းတွင် လဝက ဌာနကို ပြန်လည်ဖွဲ့စည်းကာလုပ်ငန်းတာဝန်များကိုသတ်မှတ်နိုင်ခဲ့ပါသည်။ လူဝင်မှုကြီးကြပ်ရေး(လတ်တလောပြဋ္ဌာန်းချက်)အက်ဥပဒေကိုလည်းပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ လဝက ဌာနအနေဖြင့်နိုင်ငံခြားသားများမှတ်ပုံတင်ရေး၊ ခိုးဝင်ခိုးထွက်တားဆီးရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အခြေအနေပေးခဲ့သော်လည်း ထိရောက်စွာ မဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရပါသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာလည်း နိုင်ငံခြားသားများမှတ်ပုံတင်ရေးနှင့်ခိုးဝင်ခိုးထွက်တားဆီးရေးလုပ်ငန်းများကို နိုင်ငံသားဖြစ်မှုဥပဒေပုဒ်မ-၄(၂)၏အားနည်းချက်ကြောင့်၎င်း၊ ဌာနဝန်ထမ်းအချို့တာဝန်မကျေမှုကြောင့်၎င်း၊ မြေအောက်ရောင်စုံသောင်းကျန်းသူများနှင့်မူဂျာဟစ်တုလားသိုးများကြောင့်၎င်း၊ ယင်းခေတ်ကအာဏာရနိုင်ငံရေးအဖွဲ့အစည်းများကြောင့်၎င်း၊ အစောပိုင်းကရောက်ရှိနေထိုင်ကြသည့်ဘင်္ဂါလီလူမျိုး[illegible]ခိုးဝင်လာသောဘင်္ဂါလီလူမျိုးများကိုနည်းမျိုးစုံဖြင့်ကာကွယ်ပေးခြင်းကြောင့်၎င်း အောင်မြင်စွာမဆောင်ရွက်နိုင်ကြောင်း တွေ့ရပါသည်။

ဒုတိယကမ္ဘာစစ်ပြီးချိန်နှင့်လွတ်လပ်ရေးရပြီးနောက်ပိုင်းဘင်္ဂါလီလူမျိုးများဝင်ရောက်လာမှုသည် ပထမကမ္ဘာစစ်ဖြစ်ပြီးနောက်ပိုင်းကာလကကဲ့သို့လွယ်လင့်တကူဝင်ရောက်ရန်အခြေအနေမပေးသဖြင့် မောင်တော၊ ဘူးသီးတောင် နယ်များမှတဆင့်ရခိုင်ပြည်အတွင်းပိုင်းဒေသများသို့၎င်း၊ ယင်းမှတဆင့်မြန်မာနိုင်ငံအတွင်းပိုင်းဒေသများသို့၎င်း၊ တိုင်းရင်းသားလူမျိုးများနေထိုင်ရာဒေသများသို့၎င်းတဖြည်းဖြည်းစိမ့်ဝင်ပြန့်နှံ့လျက်ရှိကြောင်း တွေ့ရပါသည်။ ဘင်္ဂါလီလူမျိုးများ ရခိုင်ပြည်သို့အထက်ဖေါ်ပြပါအကြောင်းများကြောင့် ရောက်ရှိနေထိုင်လာကြသည်မှာ ပေါ်လွင်နေကြသော်လည်း ဘင်္ဂါလီလူမျိုး မည်သူသည် မည်သည့် ခေတ်အချိန်ကာလကဝင်ရောက်လာကြသူများဖြစ်ကြောင်းကား မှတ်တမ်းမှတ်ရာအတိအကျမရှိသဖြင့်သိရှိရန်ခက်ခဲမည်ဖြစ်ပါသည်။ သိရှိရန်ခက်ခဲသည်နှင့်အမျှ ခွဲခြားရေးမှာလည်း လွယ်ကူမည်မဟုတ်ပေ။ သို့သော်လည်း ရခိုင်ပဒေသရာဇ်များခေတ်ကဝင်ရောက်နေထိုင်ကြသူများကိုကား ယင်းတို့လက်ရှိနေထိုင်ကြသည့်ကျေးရွာအလိုက်စိစစ်ခွဲခြား၍ ဆိုပါကအနီးစပ်ဆုံးအမှန်း ရေတွက်ရရှိနိုင်မည်ဖြစ်ပါသည်။ ယခုအခါယင်းကျေးရွာ

များနှင့်ပထမကမ္ဘာစစ် နောက်ပိုင်း ဝင်လာကြသူများ၊ ဒုတိယကမ္ဘာစစ်ပြီး နှင့်လွတ်လပ် ရေးရပြီး နောက်ပိုင်း ဝင် ရောက်လာ သောဘင်္ဂါလီလူမျိုးအ မြောက်အများ နေထိုင်လျက်ရှိ ကြောင်း တွေ့ရပါသည်။

အ ဝေးပိုင်းက ရောက်ရှိ နေထိုင်ကြသည့်ဘင်္ဂါလီလူမျိုးများအားစိစစ်ခွဲ ခြားသတ်မှတ် ရေးနှင့်တစ်ဖို့ဖို့ခိုးဝင်များတားဆီးကာကွယ် ရေးလုပ်ငန်းသည်လွယ်ကူ သောကိစ္စတရပ်မဟုတ် သော်လည်းမ ဖြေရှင်းမ ဆောင်ရွက်လျှင်မဖြစ် သော ပြဿနာတရပ်ဖြစ်ပါသည်။ ထို့အပြင်ဤပြဿနာ သည်နှစ်ကြာ ပြင့်လေ ပို၍ရှုပ်ထွေး လေ ဖြေရှင်း ရေးခက်ခဲ လေဖြစ်ပါမည်။ လက်ရှိအ ခြေအ နေမှာရခိုင်ပ ဒေသရာဇ် များ ခေတ်က ရောက်ရှိ နေထိုင်ကြ သောဘင်္ဂါလီလူမျိုးများက ကမန်လူမျိုးအမည် ခံပြီး ရခိုင်တိုင်းရင်းသားလူမျိုးနွယ်ဝင်များဖြစ်သည်ဟူ၍ ၄င်း၊ ဗြိတိသျှနယ် ချဲ့ ခေတ်မှအိန္ဒိယပြည်အလယ်ပိုင်းမှတဆင့်ဘင်္ဂလားနယ်၊ ၄င်းမှတဆင့်ရခိုင်ပြည် သို့ ရောက်ရှိလာကြ သောအိန္ဒိယနိုင်ငံသားဇာတ်အမည် ဘရူးဝါး (ယခုသူတို့အ ခေါ် မာရာမကြီး) များသည်ရခိုင်တိုင်း ရင်း သားလူမျိုးဝင်များဖြစ်သည် ဟူ၍ ၄င်း၊ ရခိုင်ပြည်သို့အ ဝေးပိုင်းက ရောက်ရှိကြသည့်ဘင်္ဂါလီလူမျိုးများနှင့် နောက်ပိုင်းခိုးဝင်လာ သောဘင်္ဂါလီလူမျိုးများက ၄င်းတို့သည်ရိုဟင်ဂျာလူမျိုးများဖြစ်သည် ဟူ၍ ၄င်းဆိုလာကြပါသည်။

ဘင်္ဂါလီလူမျိုးများသည်ဝင်လာစဉ်ကရည်ရွယ်ချက်ဖြစ်သည့်စီးပွါး ရေး အာလုပ်အကိုင်ရရှိ ရေးမှတဆင့်နိုင်ငံ ရေး နှင့်လူမှု ရေးနယ်ပယ်အထိ လွှမ်းမိုးချယ်လှယ်နိုင်ရန်ကြိုးစားလာသဖြင့်တစတစ နိုင်ငံနှင့်တကွတိုင်းရင်းသားလူမျိုးများကို လူဦး ရေအရဝါး မျိုပြီးမြန်မာ နိုင်ငံ၏အ ချုပ်အချာအာဏာ ပိုင်ဆိုင်မှုကိုအန္တရာယ် ပြုလာ နိုင်ပါသည်။ ယင်း ကြောင့်အ ဝေးပိုင်းက ရောက်ရှိ နေထိုင်ကြ သောဘင်္ဂါ လီလူမျိုး များအားစိစစ်ခွဲခြားသတ်မှတ် ရေးနှင့်တစ်ဖို့ဖို့ခိုးဝင်လာကြ သော ဘင်္ဂါလီလူမျိုး များအားတားဆီးကာကွယ် ရေးကိစ္စရပ်များ သည် မောင် တော၊ ဘူးသီး တောင်၏ပြဿနာ သော်၄င်း၊ ရခိုင်ပြည်နယ်၏ပြဿနာ သော်၄င်းမဟုတ် တော့ပဲနိုင်ငံတခုလုံး၏ပြဿနာ၊ တနည်းအားဖြင့်ဆိုပါလျှင်မြန်မာ နိုင်ငံ၏အမျိုးသား ရေးပြဿနာကြီးတရပ်ဖြစ်လာ ကြောင်း လေ့လာသုံးသပ်မိ ပါသည်။

<u>အကြံပြုတင်ပြချက်</u>

အကြံပြုတင်ပြချက်ကိုမတင်ပြမီဘင်္ဂလား ဒေ့ရှ်နိုင်ငံ၏လက်ရှိအ ခြေအ နေ အကျဉ်းချုပ်ကိုတင်ပြရပါလျှင်ဘင်္ဂလား ဒေ့ရှ်နိုင်ငံသည် ဧရိယာ ဝတုရန်း မိုင် – (၅၅၁၂၆) မိုင်ကျယ်ဝန်းပြီးလူဦး ရေမှာသန်း (၉၀) ကျော်ရှိပါသည်။ နိုင်ငံ အကျယ်အဝန်းနှင့်လူဦး ရေမျှမတဖြစ်ကာဝတုရန်းတမိုင်အတွင်းလူဦး ရေ – (၁၄၀၀) ဦးခန့် နေထိုင်ရမှုကမ္ဘာ့အတွင်းလူဦး ရေသိပ်သည်းထူထပ်မှုအများဆုံး နိုင်ငံဖြစ်ပါသည်။ နှစ်စဉ်လူဦး ရေတိုးပွါးမှုနှုန်းသည်အစားအစာထုတ်လုပ်မှုနှုန်း

ထက်သုံးဆခန့်ပိုမိုလျက်ရှိသဖြင့်အစာရေစာရှားပါးမှု၊ ကုန်ဈေးနှုန်းကြီးပွားမှု ဖြစ်ကာစီးပွားရေးမပြေပလည်မှုများရှိကြပါသည်။ လူဦးရေထူပြောမှု၊ စီးပွားရေး မပြေပလည်မှု၏အကျိုးဆက်ကြောင့်ပညာရေး၊ ကျန်းမာရေးချို့တဲ့မှု၊ အလုပ်လက်မဲ့ ထူပြောမှု၊ နေရာထိုင်ခင်းမသန့်ရှင်းမှုစသည့်လူမှုရေးအနိဋ္ဌာရုံများကိုကြုံတွေ့နေ ရသောနိုင်ငံတနိုင်ငံလည်းဖြစ်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ရခိုင်ပြည်နယ်မှာနယ်နိမိတ်ချင်းဆက်စပ်လျက် ရှိပြီးယင်း နိုင်ငံ၏လက်ရှိအခြေအနေမှာအစစအရာရာချို့တဲ့မှုရှိနေပါသည်။ ရခိုင် ပြည်နယ်တွင်လည်း ခေတ်အဆက်ဆက်ကပင်ဘင်္ဂါလီလူမျိုး တချို့ဝင်ရောက်အခြေစိုက် နေ ထိုင်လျက်ရှိကြပါသည်။ ဘင်္ဂါလီလူမျိုး များ၏ပင်ရင်း နိုင်ငံနှင့်ဆက်စပ်လျက်ရှိ သော မောင်တော၊ ဘူးသီး တောင်နယ်များ တွင်လည်း ဘင်္ဂါလီလူမျိုးလူဦး ရေမှာအများ ဆုံး နေထိုင်ကြပါသည်။ ၎င်းအကြောင်း တရား များ သည်ဘင်္ဂါလီလူမျိုး များ စဉ်ဆက်မပြတ် ကဖြည်း ဖြည်း စိမ့်ဝင်ပြန့်နှံ့လာရန်အခြေအနေ ပေး သကဲ့သို့ဖြစ် နေပါသည်။ ဘင်္ဂါလီ လူမျိုး များ ၏စိမ့်ဝင်ပြန့်နှံ့မှုသည်သုံး သပ်ချက်တွင်တင်ပြပြီး ဖြစ်သည့်အတိုင်း [illegible] တွင်ပြန့်နှံ့နိုင်ငံ၏အချုပ်အချာအာဏာပိုင်မှုကိုကြီး မား စွာအန္တရာယ်ပြုလာနိုင်သဖြင့် ဘင်္ဂါလီလူမျိုး များ ခိုး ဝင်မှုကိုတား ဆီး ကာကွယ် ရေး လုပ်ငန်း နှင့်အတူပိုင်း ကပင် ရောက်ရှိ နေထိုင်ကြသည့်ဘင်္ဂါလီလူမျိုး များ ကိုစိစစ်ခွဲခြား ပြီး ယင်း တို့အား မည်ကဲ့သို့ သော ခံစား ခွင့်များ ကိုပြုသင့်သည်ဆို သောပြဿနာ နှင့်ပတ်သက်၍ အောက် ပါအတိုင်း ဖြေရှင်း သင့် ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(က) ရခိုင်ပြည်နယ်အတွင်း ရောက်ရှိနေသော ဘင်္ဂါလီလူမျိုး များ အား စိစစ်ခွဲခြား ရေး နှင့်မည်သည့်အခွင့်အရေး များ ကိုခံစားခွင့် ပြုသင့်သည်ဆိုသောပြဿနာ ဖြေရှင်း ရေး ။

၁ - ရခိုင်ပဒေသရာဇ်များ ခေတ်ကပင် ရောက်ရှိအခြေစိုက်နေ ထိုင်ကြ သော ဘင်္ဂါလီလူမျိုး များ အား ယင်း တို့ နေထိုင်သည့် ကျေးရွာ များ အလိုက်စိစစ်ခွဲခြား သွား သင့်ပါသည်။

၂ - ရခိုင်ပဒေသရာဇ်များ ခေတ်ကပင် ရောက်ရှိနေထိုင် သော လူမျိုး များ အား နိုင်ငံသား အဖြစ်သတ်မှတ်ပြီး နိုင်ငံသား များ ၏အခွင့်အရေး ကိုခံစား ခွင့်ပြုသင့်ပါသည်။

၃ - အင်္ဂလိပ်မြန်မာပထမစစ်ပွဲပြီးနောက်ပိုင်း ၁၉၁၁-ခုနှစ် မတိုင်မီကပင် ရောက်ရှိလာကြ သောဘင်္ဂါလီလူမျိုး များ ကို လေလေ ဆယ်တွင်စိစစ်ခွဲထုတ် ရေး မှာအခက်အခဲ ရှိမည်ဖြစ်ပါသည်။ သို့သော် လည်း ယင်းတို့အား အချိန်ယူ ဆောင်ရွက်ခြင်း နှင့်ရခိုင်ပဒေသရာဇ် များ ခေတ်ကပင် ရောက်ရှိ နေထိုင်ကြ သော လူမျိုးတချို့၏အကူအညီကို စည်း ရုံး ရယူပြီး စိစစ်ခွဲထုတ်သင့်ပါသည်။

၄- အထက်အပိုဒ်(၃)တွင် ဖော်ပြထားသည့်အချိန်ကာလအတွင်း ရောက်ရှိလာကြသောဘင်္ဂါလီလူမျိုး များ တွင်တရားဝင်ရှိ ထိုးသောအမျိုးသားမှတ်ပုံတင်ကတ်ပြားလက်ဝယ်ရှိပါကယင်း တို့အားနိုင်ငံသားများ၏အခွင့်အရေးကိုခံစားခွင့်ပြုသင့်ပါ သည်။

၅- အသစ်ရေးဆွဲအတည်ပြုပြဋ္ဌာန်းထားသောနိုင်ငံသားဥပဒေ အရနိုင်ငံသားစိစစ်ရေး လုပ်ငန်းကိုဆောင်ရွက်ရန် စိစစ် ရေးအဖွဲ့များကိုဖွဲ့စည်းသည့်အခါပါဝင်သင့်သူများကိုစနစ် တကျ အပြန်အလှန်စိစစ်ပြီးဖွဲ့စည်း ဆောင်ရွက်သင့်ပါသည်။

(ခ) ဘင်္ဂါလီလူမျိုးများခိုး ဝင်မှုအန္တရာယ်တားဆီး ကာကွယ်ရေးနှင့်နယ်စပ် ဒေသလုံခြုံရေး ပြဿနာဖြေရှင်းရေး ။

၁- ရခိုင်ပြည်နယ်အတွင်း ဘင်္ဂါလီလူမျိုး များထပ်မံခိုးဝင်မှုအန္တရာယ် ကိုတားဆီးရန်မြို့နယ်အလိုက်ရှိနေသောဘင်္ဂါလီလူမျိုး များစာရင်း ကိုအတိအကျ ကောက်ခံပြုစုပြီး လဝက အဖွဲ့နှင့်အခြားတာဝန်ရှိ အ ဖွဲ့အစည်း များပူး ပေါင်း ပြီးပုံမှန်စစ်ဆေးခြင်းနှင့်လိုအပ်လျှင် လိုအပ်သလိုအတိုးအလျော့စာရင်းမှ– မရှိကွင်းဆင်းစစ်ဆေးရန် လိုအပ်ပါသည်။ ယင်းသို့စစ်ဆေးသည့်အခါ ပလုံလားအပ် သောအတိုး အလျော့များကို တွေ့ရှိပါက ရောက်ဥာ အရေးယူ ဆောင်ရွက်သင့် ပါသည်။

၂ -တရားဝင်မှတ်ပုံတင်ကတ်ပြားရရှိထားသော ဘင်္ဂါလီလူမျိုးများ တရားဝင်နည်းဖြင့်ရရှိထားသူများနှင့်မှတ်ပုံတင်လုံးဝမရှိ သူများကိုစိစစ်ခွဲခြားပြီးတရားမဝင်မှတ်ပုံတင်ရရှိထား သူ များနှင့်မှတ်ပုံတင်ကတ်ပြားမရှိသူများကိုအရေးယူရန် ဆောင် ရွက်သင့်ပါသည်။

၃- ဘင်္ဂါလီလူမျိုးတို့သည်ဘာသာရေးအစွဲအလန်း ကြီးပြီးကျဉ်း မြောင်း သောလူမျိုး ရေးအမြင်ရှိကြသူများဖြစ်သည့်အလျောက်မည်သည့်နိုင် ငံသို့ပင် ရောက်ရှိအခြေစိုက် နေထိုင်ကြသော်လည်းယင်းတို့၏ နိုင် ငံအပေါ်သစ္စာခံခြင်း၊ သံယောဇဉ်ကြီးမားခြင်း များသာရှိကြ မည်ဖြစ်ပါသည်။ လက်ရှိအခြေအနေမှာ ကြောင်းအမျိုးမျိုး ကြောင့် ရခိုင်ပြည်သို့ ရောက်ရှိ နေကြသောဘင်္ဂါလီလူမျိုးများသည် အေးအေး ဆဲဆဲလုပ်ကိုင်စား သောက် နေထိုင်ကြမည့်အစား ဘင်္ဂလားဒေသ နိုင်ငံမှဥပဒေမဲ့ခိုးဝင်လာ စေရန်နည်းမျိုးစုံဖြင့်ဖန်တီး ကြ

ခြင်း၊ ဝင်လာသူများကိုလည်းအကာအကွယ်ပေးခြင်းနှင့်လိုအပ်သည့်အကူအညီများကိုပေးကြပါသည်။ ယင်းကြောင့်ဘင်္ဂလီလူမျိုးများကိုတနေရာတည်းတွင်အစုလိုက်အပြုံလိုက်နေထိုင်စေခြင်းသည်ယင်းတို့၏လှုပ်ရှားမှုများကိုမသိမမြင်နိုင်သည်သာမက နောက်ထပ်ခိုးဝင်လာမည့်ဘင်္ဂလီလူမျိုးများကိုအထောက်အကူပြုနေကြသူများအားစုစည်းထားရာလည်းကျရောက်ပါသည်။ ဘင်္ဂလီလူမျိုးများကြောင့်ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်များကိုသုံးသပ်ချက်တွင်ပေါ်ပြူတင်ပြပြီးဖြစ်သဖြင့်ဘင်္ဂလီလူမျိုးများကိုတနေရာတည်းတွင်အစုလိုက်အပြုံလိုက်နေထိုင်ခြင်းမှလူစုခွဲနေထိုင်စေရန်ဖန်တီးဆောင်ရွက်သင့်ပါသည်။

၄- ဘင်္ဂလီလူမျိုးများကိုလူစုခွဲနေထိုင်ခွင့်ပြုရေးမှာအစုလိုက်အပြုံလိုက်သင့်တော်သောနယ်မြေသို့ရွှေ့ပြောင်းနေထိုင်ခွင့်ပြုရေးနှင့်အိမ်ထောင်စုအလိုက်ပြောင်းရွှေ့နေရာချထားပေးသောနည်းဟူ၍နှစ်နည်းရှိမည်ဖြစ်ပါသည်။ ၎င်းနှစ်နည်းဝလုံးကိုဆောင်ရွက်လျှင်သော်၎င်း၊ သို့မဟုတ်နှစ်နည်းအနက်တနည်းကိုဆောင်ရွက်လျှင်သော်၎င်းလက်ရှိအခြေအနေမှမကျေနပ်မှုဖြစ်ပေါ်လာနိုင်ပြီးနဂါးငြင်းဝင်ဆင်ရေးကာလကကဲ့သို့ပြည်တွင်းပြဿနာပယောဂများဝင်လာနိုင်ပါသည်။ ယင်းကြောင့်ဘင်္ဂလီလူမျိုးများကိုသာပြောင်းရွှေ့နေထိုင်စေခြင်းမဟုတ်ဘဲရခိုင်တိုင်းရင်းသားလူမျိုးများကိုပါပြောင်းရွှေ့နေထိုင်စေသည့်နည်းကိုဆောင်ရွက်သင့်ပါသည်။

၅- ယင်းနည်းမှာရပ်ကွက်ကျေးရွာအုပ်စုများပြန်လည်တည်ဆောက်ရေးနည်းပင်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင်ရှိသောရပ်ကွက်များထက်အထူးသဖြင့်ကျေးရွာအုပ်စုအများစုမှာနှစ်ပေါင်းအတော်ကြာကပင်ကိုယ့်နည်းကိုယ့်ဟန်ဖြင့်တည်ဆောက်နေထိုင်ကြသောကျေးရွာအုပ်စုများဖြစ်၍ခေတ်နှင့်လည်းမဆီလျော်တော့သည့်အပြင်စနစ်မကျပြန့်ကြဲလျက်ရှိကြသဖြင့်လုံခြုံရေးနှင့်စီမံခန့်ခွဲရေးကိစ္စရပ်များကိုဆောင်ရွက်ရာတွင်အဆင်မပြေသည်သာမကလူမှုရေးဆိုင်ရာလုပ်ငန်းများတိုးတက်လာစေရန်လည်းမဆောင်ရွက်နိုင်ကြောင်းတွေ့ရပါသည်။ ဘင်္ဂလီလူမျိုးအများစုသည်မြို့ပေါ်ရပ်ကွက်များမှာနေထိုင်ကြသည်ထက်တောလက်ကျေးရွာအုပ်စုများတွင်အစုလိုက်အပြုံလိုက်နေထိုင်ကြသည်ကများကြပါသည်။ ဘင်္ဂလီမြို့နယ်များတွင်သီးသန့်ရပ်

ထွက်ဖြင့် နေထိုင်ကြသော ဘင်္ဂလီလူမျိုးလည်း ရှိကြပါသည်။ ယင်းရပ်ကွက်များကိုလည်း စိစစ်ပြီး လိုအပ်ပါက ပြန်လည်တည်ဆောက်သွားသင့်ပါသည်။

၆- ရပ်ကွက် ကျေးရွာအုပ်စုများကို ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် စီးပွားရေး၊ လူမှုရေးအရ အဆင်ပြေလည်စေပြီး လုပ်ကွင်းလုပ်ကွက်ရှိသော နေရာဒေသများကို ရှာဖွေရွေးချယ်ကာ တည်ဆောက်မည့်ပုံစံများကို စီမံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ကျေးရွာအုပ်စုတခုစီတွင် အနည်းဆုံးရှိရမည့် အိမ်ခြေဦးရေနှင့် အများဆုံးရှိရမည့် အိမ်ခြေဦးရေများကိုပါ သတ်မှတ်ထားရန် လိုအပ်လာပါမည်။ ယင်းသို့ သတ်မှတ်ထားသည်နှင့်အမျှ ကျေးရွာအုပ်စုအချင်းချင်း ပူးပေါင်းရေးကိစ္စ၊ အချို့ကျေးရွာအုပ်စုမှ အချို့ရွာများကို ခွဲထုတ်ပြီး မည်သည့်ကျေးရွာအုပ်စုနှင့် ပေါင်းရမည့်ကိစ္စများ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။ ထိုအခါ ရခိုင်တိုင်းရင်းသားလူမျိုးများနှင့် ဘင်္ဂလီလူမျိုးများကို မည်ကဲ့သို့ ပေါင်းစပ်ပြီး ကျေးရွာအုပ်စု တည်ဆောက်ရန်ကို စီစဉ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ၎င်းကိစ္စကို ဆောင်ရွက်သည့်အခါ ရခိုင်တိုင်းရင်းသားလူဦးရေ နည်းပါးသည့် မောင်တော၊ ဘူးသီးတောင်မြို့နယ်များတွင် အခက်အခဲ တွေ့နိုင်ပါသည်။ ၎င်းအခက်အခဲကို ရခိုင်ပြည်နယ်အတွင်းပိုင်း တချို့ဒေသ ရခိုင်တိုင်းရင်းသားလူမျိုးများကို၎င်း၊ တပ်မတော် အငြိမ်းစား ရခိုင်တိုင်းရင်းသား ရဲဘော်ဟောင်းများကို၎င်း သို့မဟုတ် တခြားတိုင်းရင်းသားများကို သော်၎င်း စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

၇- ယင်းကဲ့သို့ ကျေးရွာအုပ်စုများကို တည်ဆောက်၍ရသော ဒေသများတွင် ဘင်္ဂလီလူမျိုးများ၏ ဘာသာရေး၊ လူမျိုးရေး အလွန်အကျွံအစွဲ အလန်းကြီးမားမှု တဖြည်းဖြည်း လျော့နည်းလာရေးနှင့် အတွေးအခေါ် ပြောင်းလဲမှန်ကန်လာရေးအတွက် လူမှုရေးဆိုင်ရာ ( Social change ) အပြောင်းအလဲတရပ်ကို စီမံချက်ဖြင့် ဆောင်ရွက်ပြီး ယင်းတို့အား စည်းရုံးသိမ်းသွင်းသင့်ပါသည်။

၈- ကျေးရွာအုပ်စုများကို စနစ်တကျ ပြန်လည်တည်ဆောက်ခြင်းဖြင့် ကျေးလက်ဒေသများတွင် နေထိုင်ကြသည့် တောင်သူလယ်သမားများ၏ လူနေမှုဘဝ မြင့်မားလာစေရန် ဆောင်ရွက်လာနိုင်ခြင်း

ဘူးသီးတောင်မြို့နယ်များတွင်အသစ်ပြန်လည်တည်ဆောက်သော
ကျေးရွာအုပ်စုများ၌ နေထိုင်ကြသည့်ရခိုင်တိုင်းရင်းသား လူ
မျိုးများအားပြည်သူ့ဝင်ဖွဲ့၍လက်နက်တပ်ဆင်ပေးခြင်းဖြင့်နယ်
ဝင် ဒေသလုံခြုံရေးကိုပါကာကွယ်နိုင်မည်ဖြစ်ပါသည်။

၉ - ရပ်ကွက် ကျေးရွာအုပ်စုများကိုပြန်လည်တည်ဆောက်ရေးလုပ်
ငန်းသည်ဖြစ်ပေါ်လာနိုင်သောဘင်္ဂါလီလူမျိုးများ၏အန္တရာယ်များ
ကို ရေရှည်တားဆီးကာကွယ်နိုင်မည့်အပြင် ကျေးလက်ဒေသလူ နေ
မှုအဆင့်အတန်းမြှင့်မားလာစေရန်အတွက်ပြုလုပ်သောလူမှုရေး
ဆိုင်ရာအပြောင်းအလဲကြီးတခုလည်းဖြစ်ပါမည်။ ၎င်းလုပ်ငန်း ကို
လုပ်ကိုင်ရာတွင်ပထမအဆင့်မှာဘင်္ဂါလီလူမျိုး ရောရခိုင်တိုင်း
ရင်းသားလူမျိုးများပါ သော ပေါက်လက်ခံလာပြီးလိုလိုချင်ချင်
ပူးပေါင်းပါဝင်လာအောင် စည်းရုံးရန်လိုအပ်ပါသည်။ ဒုတိယ
အဆင့်တွင်သာတည်ဆောက်ရေးလုပ်ငန်းများကိုစီမံဝန်ခွဲ ရေး
နည်းဖြင့်ကျင့်သုံးသွားရန်ဖြစ်ပါသည်။ ပထမနည်းနှင့်ဒုတိယနည်း
များကိုကျင့်သုံးဆောင်ရွက်သည့်အခါ လောလောဆယ်လုပ်ဖြစ် သော
ဒေသများ၌ ကျေးရွာအုပ်စုများ၌သကဲ့သို့လုပ်မဖြစ် သော ဒေ
၌ ကျေးရွာအုပ်စုများလည်း၌ နိုင်ပါသည်။ ယင်း ဒေသ၌ ကျေးရွာ
အုပ်စုများကိုအချိန်ယူ ဆောင်ရွက်ရန်[illegible]မည်ဖြစ်ပါသည်။
လောလောဆယ်လုပ်မဖြစ်၍အချိန်ယူ ဆောင်ရွက်ရမည့် ဒေသ၌
ကျေးရွာအုပ်စုများတွင်ဘင်္ဂါလီလူမျိုးများ နောက်ထပ်အတိုး မ၌
စေရန်သက်ဆိုင်ရာအဖွဲ့အစည်းများမှအမြဲဝင် သောနည်း ကို
ကျင့်သုံးပြီးသိမ်းချုပ်ထားရန်လိုအပ်ပါသည်။ မတည်ရ သေး သော
ကျေးရွာအုပ်စုများ လောလောဆယ်တည်ဆောက်ရန်အခြေ အ
နေမပေးသဖြင့်မတည်ဆောက်ရ သေး သော ကျေးရွာအုပ်စု
များနှင့်တည်ဆောက်ပြီး ကျေးရွာအုပ်စုများသည်အဝဝအရာ
ရာတွင်အခွင့်အရေးချင်းမတူကွာဟမှုများ၏ နေသည်ကိုစဉ်ဝ ဦ
ဖန်တီးပေးရန်လိုအပ်ပါမည်။ သို့မှသာ မတည်ဆောက်ရ သေး သော
ကျေးရွာအုပ်စုများ မှလူများသည်ယင်းတို့၏ ကျေးရွာအုပ်စုများ
ကိုအမြန်လာရောက်တည်ဆောက်ရန်အတွက်လိုလိုချင်ချင်နှင့်
တောင်းဆိုလာကြမည်ဖြစ်ပါသည်။ ၎င်းသို့ဖြစ်လာအောင်လည်းပါရီ
သော စည်းရုံးရေးနည်းကိုအသုံးပြုဆောင်ရွက်သင့်ပါသည်။

၁၀- မြန်မာနိုင်ငံ၏အရှေ့ပိုင်း၊ အရှေ့မြောက်ပိုင်း၊ အနောက်မြောက်ပိုင်းနယ်စပ်ဒေသများမှာလည်း နိုင်ငံခြားသားများ ပြဿနာသည်ရှိမည်ဖြစ်ပါသည်။ ယင်း ဒေသတွင်ရှိ သောပြဿနာသည်လည်းယင်း ဒေသ၏ပြဿနာ မဟုတ်ဘဲမြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုးများ၏ပြဿနာသာဖြစ်ပါသည်။ ယင်းကြောင့် ယင်းပြဿနာများကိုလည်း မည်ကဲ့သို့ဆောင်ရွက်သင့်သည်ကိုစီစဉ် ဆောင်ရွက်သင့်ပါသည်။

၁၁- မြန်မာနိုင်ငံနှင့်နိုင်ငံခြားသားပြဿနာသည် ခေတ်အဆက်ဆက်က ပေါ်ပေါက်လာသောပြဿနာဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းဆက်စပ်လျက်ရှိသောနိုင်ငံများမှာလည်းလူဦးရေ တိုးတက်မှုနှုန်းကိုအစားအစာထုတ်လုပ်မှုကမှီ အောင်မလိုက်နိုင် သဖြင့်စီးပွါးရေးအဆင်မပြေမှု၏အကျိုးဆက်ကြောင့်လူမှုရေး အန္တရာယ်များကြုံတွေ့နေကြသဖြင့်နိုင်ငံခြားသား များခိုး ဝင် ခိုးထွက်မှုပြဿနာသည်အမြဲဖြေရှင်းနေရမည့်ကိစ္စတရပ်ဖြစ်သည် ဟုယူဆပါသည်။ ယင်းကြောင့် လဝက ဌာနကိုတိုးချဲ့ဖွဲ့စည်း ပြီး ပြည်သူ့စွမ်းအားပါဝင်သောနယ်စပ်ဒေသလုံခြုံရေးနှင့်နိုင်ငံ ခြားသားများအားခိုးဝင်မှုအန္တရာယ်ကို ရေရှည်တားဆီးကာ ကွယ်နိုင်ရန်စီမံချက်တရပ်ကို ရေးဆွဲဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

<u>နိဂုံး</u>

ရခိုင်ပြည်နယ်သို့အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိအခြေစိုက်နေ ထိုင်ကြသည့်ဘင်္ဂါလီလူမျိုးများအားစိစစ်ခွဲခြားရေး၊ တင်မဲ့ဘမဲ့ဆပ်ပံခိုးဝင်လာ ကြသောဘင်္ဂါလီလူမျိုးများအားတားဆီးကာကွယ်ရေးသည် မပေါင်တော၊ ဘူးသီး တောင်၏ပြဿနာ သော်၄င်း၊ ရခိုင်ပြည်နယ်၏ပြဿနာ သော်၄င်းမဟုတ်တော့ ဘဲနိုင်ငံတခုလုံး၏ပြဿနာဖြစ်လာကြောင်းကိုသုံးသပ်ချက်တွင် ဖေါ်ပြတင်ပြထားပြီး ဖြစ်ပါသည်။ ယင်းကြောင့်ဘင်္ဂါလီလူမျိုးများ၏လွှမ်းမိုးလာသောအန္တရာယ်ကိုတား ဆီးကာကွယ်ခြင်းသည်မြန်မာနိုင်ငံတည်တံ့ခိုင်မြဲရေး၊ ဆိုရှယ်လစ်စနစ်တည်ဆောက် ရေးလုပ်ငန်း အောင်မြင်ရေးကိစ္စရပ်များနှင့်ပါဆက်စပ်လျက်ရှိနေသည့်အတွက် တိုင်းရင်းသားလူမျိုးများအားလုံးကအမျိုးသားရေးအသိဖြင့်တားဆီးကာကွယ်ရန် လိုအပ်မည်ဖြစ်ကြောင်းတိုက်တွန်းတင်ပြအပ်ပါသည် -။